# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏နေ့ထူးနေ့မြတ် အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် (၆၈)နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် မြစ်ချောင်းအင်းအိုင်များနှင့် တောတောင်များ၊ လိုဏ်ဂူများ၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသား တို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် သာယာလှပသောဒေသတစ်ခု ဖြစ်ပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခုအဖြစ် ထင်ရှားလှပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ (၆)လ သက်တမ်းတိုးပြီးချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပထမအကြိမ် မြန်မာ - ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း (MARUMEX) ပြုလုပ်ရန်ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ယနေ့နံနက်ပိုင်းတွင် ပထမအကြိမ် မြန်မာ– ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း 1th MYANMAR–RUSSIA MARITIME SECURITY EXERCISE (MARUMEX) ပြုလုပ်ရန် ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုမည့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV နှင့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။**

## မြန်မာ - ရုရှား နှစ်နိုင်ငံရေတပ်တို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာ့ကမ်းရိုးတန်းသည် မြောက်ဘက်ရှိနတ်မြစ်ဝမှ တောင်ဘက်ကော့သောင်းမြို့ ဘုရင့်နောင်အငူအထိ ၁၃၄၈ မိုင် ရှည်လျားသည်။ မြန်မာ့ပင်လယ်ပြင်ပိုင်နက်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တို့၏ အစိတ်အပိုင်းများ ပါဝင်ပြီး ရေပြင်ဧရိယာစတုရန်းမိုင် ၁၄၄၉၁၂ ရှိသည်။ မြန်မာ့ပင်လယ်ပိုင်နက်နယ်နိမိတ်အတွင်း ကျွန်းပေါင်း ၁၄၀၀ ကျော် တည်ရှိနေပြီး အမျိုးသား အကျိုးစီးပွားအတွက် အရေးပါသည့် စွမ်းအင်အရင်းအမြစ်များနှင့် ငါး ပုစွန် သယံဇာတများလည်း ပေါကြွယ်ဝသည်။

မြန်မာ့ပင်လယ်ရေပြင်သည် ကုန်သွယ်ရေလမ်းကြောင်းများကို ထိန်းချုပ်နေရာများအား စိုးမိုးချုပ်ကိုင်ထားသော အချက်အချာနေရာဖြစ်သည့်အပြင် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမုဒ္ဒရာနှစ်စင်းသီအိုရီနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်ပူးပေါင်းဆောင်ရွက်ရေးမူဝါဒတို့ လာရောက်တွေ့ဆုံနေကြသည့် ဆုံမှတ်လည်းဖြစ်နေသည်။ မြန်မာ့ရေပိုင်နက်ဖြစ်သော ကမ်းခြေအခြေခံမျဉ်းမှ ပင်လယ်သို့ ရေမိုင် ၁၂ မိုင်၊ ဆက်စပ်ရေပြင်ဇုန် (Contiguous Zone)-၂၄မိုင်၊ ကမ်းလွန်ရေတိမ်ပိုင်း သီးသန့်စီးပွားရေးဇုန် ရေမိုင် ၂၀၀ သတ်မှတ်ထားရာ မြန်မာ့တပ်မတော်(ရေ)သည် ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင် အသင့်ရေတပ် (Three Dimensional Combet Ready Navy) အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး ဆက်လက်၍ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy/Regional Navy) အဖြစ် မျှော်မှန်းတည်ဆောက်လျက်ရှိသည်။

တပ်မတော်(ရေ)သည် တိုက်စွမ်းရည်တိုးတက်စေရေးအတွက် လေ့ကျင့်ခန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာရေတပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တွေ့ဆုံပွဲများ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ခန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ ပထမအကြိမ် မြန်မာ-ရုရှားရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း 1st Myanmar-Russia Maritime Security Exercise (MARUMEX) ကို မြိတ်မြို့၏ အနောက်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာတွင် မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်များ ပူးပေါင်း၍ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ-ရုရှားရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းတွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်ရေယာဉ်များသည် ရုရှားရေတပ်မှ ဖျက်သင်္ဘော(Destroyer) များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs ၊ Admiral Panteleev နှင့် Sea Tanker Pechenga နှင့် ရဟတ်ယာဉ်များနှင့် ပူးပေါင်း၍ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများ၊ လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့တပ်မတော်(ရေ)သည် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးကဏ္ဍဟူသော ကဏ္ဍကြီး လေးရပ်ကို စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်လျက်ရှိသည်။ မျက်မှောက်ခေတ်တွင် ပင်လယ်ပြင်အကျိုးစီးပွားပိုင်ဆိုင်ထားသော နိုင်ငံများအနေဖြင့် မိမိတို့၏ ရေတပ်များကို ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန် စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေး စသည့်စစ်ဆင်ရေးနယ်ပယ်ကြီး လေးရပ်တွင် ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်နည်းဗျူဟာများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်စွမ်းရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြရခြင်းဖြစ်သည့်အားလျော်စွာ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော ရုရှားနိုင်ငံ၏ ရေတပ်မတော်မှ စစ်ရေယာဉ်များနှင့်အတူ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် မြန်မာ့တပ်မတော်(ရေ)၏ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်စွမ်းရည်ကို ပိုမိုမြင့်မားစေမည်ဖြစ်ပြီး နှစ်နိုင်ငံ ရေတပ်များ၏ ချစ်ကြည်ရင်းနှီးမှုကိုလည်း ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုအဖြစ် မြှင့်တင်နိုင်မည်ဟု ရှုမြင်ဂုဏ်ပြုအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၅) မှု တို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု(၅) မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ်၊ ၁၈/၂၀၂၃ (ရန်ကုန်)၊ ၅၈/၂၀၂၂ (ကရင်)၊ ၅/၂၀၂၃ (ရန်ကုန်)၊ ၁၆/၂၀၂၃ (ရန်ကုန်) နှင့် ၂၇/၂၀၂၃ (မကွေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၀/၂၀၂၂ (စစ်ကိုင်း)၊ ၈/၂၀၂၃ (ရှမ်း)၊ ၂၀/၂၀၂၃ (ကချင်)၊၂၁/၂၀၂၃(မကွေး)နှင့်၂၄/၂၀၂၃(ပဲခူး)၊ စုစုပေါင်း တရားမအထူးအယူခံမှု(၅) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ကမ္ဘာ့အင်တာနက်ညီလာခံတက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ အင်တာနက်ညီလာခံ ဝူကျန်း ထိပ်သီးအစည်းအဝေး [The 2023 World Internet Conference – (WIC) Wuzhen Summit] သို့ တက်ရောက်ရန် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဝူကျန်းမြို့သို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counsellor ဖြစ်သူ Mr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**



ယခုနှစ်ကျင်းပသည့် ကမ္ဘာ့ အင်တာနက်ညီလာခံ (WIC)ကို "Creating an inclusive and Resilient Digital World Beneficial to All – Building a Community with a Shared Future in Cyberspace" ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစပျိုးမှု၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏ်ရည်တု နည်းပညာ၊ ကွန်ပျူတာစွမ်းရည် ကွန်ရက်၊ ဆိုက်ဘာလုံခြုံရေး၊ ဒေတာအုပ်ချုပ်မှု၊ လူငယ်နှင့် ဒစ်ဂျစ်တယ်အနာဂတ်၊ ဒစ်ဂျစ်တယ် သိနားလည်မှုနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ ပုံစံသစ်နှင့် e-commerce ဖွံ့ဖြိုးတိုးတက်မှု၊ Digital Economy စသည့် ခေါင်းစဉ်များ ပါဝင်သည့် ဖိုရမ်ခွဲပေါင်း ၂၀ ကိုလည်း စီစဉ်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာချက်

၁။ ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), Facebook Page (Ministry of Health, Myanmar)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**၆ - ၁၁ - ၂၀၂၃**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

## လက်ပန်ကုန်းရွာသားများ ပန်းချီပြပွဲ မန္တလေးတောင် ပန်းချီပြခန်း၌ ပြပွဲကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၆**

ပန်းချီဆရာ ခြောက်ဦး ပါဝင်ပြသမည့် "လက်ပန်ကုန်းရွာသားများ ပန်းချီပြပွဲ (Let Pan Kone Villages Art Exhibition) အမည်ရ ပန်းချီဆရာ ခြောက်ဦးပါဝင်ပြသမည့် ပန်းချီပြပွဲကို နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်မန္တလေးအောင်မြေသာစံမြို့နယ်ရှိမန္တလေးတောင် ပန်းချီပြခန်း(Mandalay Hill Art Gallery) ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ပြသမည့် ပန်းချီဆရာများမှာ ပန်းချီ ဝေမင်းအေး၊ ပန်းချီဆရာကိုဆဲလ်(စ်) ပန်းချီဆရာ တင့်လွင်ဦး၊ ပန်းချီဆရာ မိုးဦး၊ ပန်းချီဆရာ G မိုးနှင့် ပန်းချီဆရာ ကြည်သာဦးတို့ ပါဝင်ပြသမည်ဖြစ်ပြီး ပန်းချီကားအမျိုးအစားမှာ ရေဆေးနှင့် အခရိုက်လစ်ကားများ ပါဝင်မည်ဖြစ်သည်။ ပန်းချီဆရာ တစ်ဦးလျှင် ၁၀ ကားနှုန်းဖြင့် ပန်းချီကား ၆၀ ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲကို နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားမိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

❖ NCA နှင့်ပတ်သက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၃) ဖွဲ့ စုစုပေါင်း (၁၀) ဖွဲ့တို့သည် ငြိမ်းချမ်းရေးအတွက် အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ကြသည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရပါသည်။

❖ *ရှေ့ဖုံးမှ*

ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခက်အခဲများအကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမအချက်တွင် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဆိုသည့် သတ်မှတ်ချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသင့်တော်သည့် ရွေးကောက်ပွဲစနစ် တည်ဆောက်မှုပုံစံတို့ဖြင့် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

NCA နှင့်ပတ်သက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၃)ဖွဲ့ စုစုပေါင်း (၁၀)ဖွဲ့တို့သည် ငြိမ်းချမ်းရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေးနှစ်ခုရှိပြီး ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင်လည်း အခက်အခဲများ ဖြစ်ပေါ်ခဲ့ရပါသည်။ အလားတူ ပြည်ပနိုင်ငံကြီးအချို့၏ ဘက်ပေါင်းစုံမှ ဖိအားပေး အကျပ်ကိုင်မှုများကြောင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးများကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားတိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့အစိုးရအနေဖြင့် ဝိုင်းဝန်းပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီးလုပ်မှုများအကြားမှ နိုင်ငံ့စီးပွားရေးကို ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့ရပါသည်။ ၂၀၁၉-၂၀၂၀ တို့တွင် နိုင်ငံ့ GDP တိုးတက်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင် အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးရမည့်ဘဏ္ဍာငွေများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၌ သုံးခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှု ရသင့်သလောက်မရခဲ့သည်ကို တိုင်းရင်းသား မိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး ( MSME )လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ် အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးအမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များ ရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တစ်နိုင်ငံလုံး တစ်ပြေးညီ အကြားအလပ်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည့်အတွက် နောက်ကျကျန်ခဲ့ခြင်း အကျိုးဆက်ကို နယ်မြေခံလူထုနှင့် တိုင်းရင်းသားပြည်သူများက ခံစားနေရလျက်ရှိပါသည်။ အသိဉာဏ်ဆင်ခြင်မှုတရား ကင်းမဲ့သော အဖျက်သမား၊ သစ္စာဖောက်များ၏ နှောင့်ယှက်ဖျက်ဆီး မိုက်မဲမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ သို့ဖြစ်၍ တိုင်းရင်းသား ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုး၊ ပြည်သူအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ ယနေ့အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုအလေးပြုခြင်းကို ခံယူစဉ်။

❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုအလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Admiral Tributs သို့ တက်ရောက်ရာ စစ်ရေယာဉ်မှူး 2nd rank Igor N.TOLBATOV က ကြိုဆိုသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ သင်္ဘောပေါ်ရှိ စစ်ရေယာဉ်၏ စက်ပိုင်းဆိုင်ရာနှင့် တပ်ဆင်ထားသည့် ကာကွယ်ရေးဆိုင်ရာ လက်နက်များ၏စနစ်များနှင့် စွမ်းရည်များ၊ ခေတ်မီစနစ်များ တပ်ဆင်ထားရှိသည့် အခြေအနေများ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လိုက်လံ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည်စစ်ရေယာဉ်ပေါ်၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားစစ်ရေယာဉ် Admiral Tributs ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားစစ်ရေယာဉ် Admiral Tributs အပေါ်သို့ တက်ရောက်လေ့လာကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

## မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ရေယာဉ်ပေါ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



*စာမျက်နှာ ၄ မှ*

လက်မှတ်ရေးထိုးပြီး ရုရှားရေတပ် ဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်(ရေ)တို့က ပထမအကြိမ် မြန်မာ – ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း $1^{th}$ MYANMAR– RUSSIA MARITIME SECURITY EXERCISE (MARUMEX) ဖွင့်ပွဲ အထိမ်းအမှတ်ခေါင်းလောင်း နှင့် အထိမ်းအမှတ်တံဆိပ်တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ပေးအပ်သည်။

**အထိမ်းအမှတ်တံဆိပ် ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က စစ်ရေယာဉ်မှူးထံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်း အမှတ်တံဆိပ်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ဂုဏ်ပြု နေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ရုရှား ရေတပ် သံစုံတီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် သီဆို တီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင် အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့ အား ချီးမြှင့်ငွေများ ပေးအပ်ပြီး ရုရှားစစ်ရေယာဉ်ပေါ်တွင် လိုက်ပါ လာသည့် အရာရှိ၊ စစ်သည်များ အတွက် မြန်မာ့တပ်မတော်စက်ရုံ ထုတ် စားသောက်ကုန်ပစ္စည်းများ နှင့် စားသောက်ဖွယ်ရာ အသီးအနှံ များကိုပေးအပ်ရာ စစ်ရေယာဉ်မှူး က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် စစ်ရေယာဉ်ပေါ်မှ ပြန်လည် ထွက်ခွာရာ ရုရှားစစ်ရေယာဉ် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုပို့ဆောင်နှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားစစ်ရေယာဉ် Admiral Tributs အပေါ်၌ လေ့လာကြည့်ရှုစဉ်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှား ရေတပ် Russian Pacific Fleet မှ Captain $1^{st}$ Rank Aleksei Anciferov ဦးစီး၍ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး မြန်မာ – ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှု အဖွဲ့နှင့် ရုရှားရေတပ်သံစုံ တီးဝိုင်း အဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကို ကျင်းပခြင်း၊ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာ လည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ပထမအကြိမ် မြန်မာ– ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း (MARUMEX) ကို ပြုလုပ်သွားမည်ဖြစ်သည်။

ပထမအကြိမ် မြန်မာ – ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း $1^{th}$ MYANMAR– RUSSIA MARITIME SECURITY EXERCISE (MARUMEX) ကို မြိတ်မြို့၏ အနောက်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာတွင် မြန်မာ့ တပ်မတော်(ရေ)နှင့် ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေ ယာဉ်များဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားရေတပ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့က ပထမအကြိမ် မြန်မာ – ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း $1^{th}$ MYANMAR– RUSSIA MARITIME SECURITY EXERCISE (MARUMEX) ဖွင့်ပွဲ အထိမ်းအမှတ်ခေါင်းလောင်းနှင့် အထိမ်းအမှတ်တံဆိပ်ပေးအပ်စဉ်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား စစ်ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များအတွက် မြန်မာ့ တပ်မတော် စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ အသီးအနှံ များ ပေးအပ်စဉ်။



★ **ပထမအကြိမ် မြန်မာ - ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း** $1^{th}$ MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX) **ကို မြိတ်မြို့၏ အနောက်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာတွင် မြန်မာ့တပ်မတော် (ရေ)နှင့် ရုရှားရေတပ်** Russian Pacific Fleet **မှ စစ်ရေယာဉ်များဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်သွားမည်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားရေတပ်ဦးစီးချုပ် အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ၊ ရုရှားစစ်ရေယာဉ်ပေါ်တွင်ပြုလုပ်သည့် ညစာစားပွဲတက်ရောက်





**နေပြည်တော် နိုဝင်ဘာ ၆**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် နိုဝင်ဘာ ၄ ရက် ညပိုင်း၌ Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၊ တပ်မတော်(ရေ) သံစုံတီးဝိုင်းအဖွဲ့နှင့် ရုရှားရေတပ်သံစုံ တီးဝိုင်းအဖွဲ့တို့မှ တေးသီချင်းများ၊ အကပဒေသာများနှင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၅ ရက် ညပိုင်းတွင်လည်း ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်သို့ တက်ရောက် လေ့လာကြည့်ရှုပြီး **(အပေါ်ပုံ)** ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV က ရုရှားစစ်ရေယာဉ် Admiral Panteleev ပေါ်တွင် အပြန်အလှန်တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (လပွတ္တာ၊ ပုဏ္ဏားကျွန်း) တို့၌ ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အောင်ပန်း၌ ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပရာ ပုဏ္ဏားကျွန်းမြို့ သင်တန်းကျောင်းတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် လပွတ္တာမြို့သင်တန်းကျောင်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်တို့ အသီးသီး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ လပွတ္တာ၊ ပုဏ္ဏားကျွန်းနှင့် အောင်ပန်းသင်တန်းကျောင်း သုံးကျောင်း၌ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများတွင် သင်တန်းသား စုစုပေါင်း ၇၀ ဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်နှင့် ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် အိပ်ခန်းဆောင်သင်တန်းသား ၁၅ ဦး၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းသား ၁၅ ဦး စုစုပေါင်း ၃၀ တို့ဖြင့် သင်တန်းကျောင်းတွင် စာတွေ့ သုံးလနှင့် ဟိုတယ်များတွင် လုပ်ငန်းခွင်သင်တန်း (On Job Training–OJT) ကာလ သုံးလကြာ သင်ကြားဖွင့်လှစ် ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်း ကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၄၁၂ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ နေကြာ၊ နှမ်းနှင့် ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် နိုဝင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ နေကြာ၊ နှမ်းနှင့်ဆောင်းမြေပဲတိုးချဲ့စိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း သို့ ရောက်ရှိပြီး စခန်းအတွင်း ဆောင်ရွက်လျက်ရှိသော ဒေသနှင့်ကိုက်ညီသည့် ပြည်တွင်း၊ ပြည်ပ ငါးမျိုးသစ်များ စမ်းသပ်သားဖောက်ခြင်း၊ ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များအား ဖော်ထုတ်သုတေသနပြုခြင်း၊ ငါးသားဖောက်ခြင်းနှင့် မွေးမြူရေးနည်းစနစ်များ ပညာပေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၅ ရက်တွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်နေမှုများ၊ စာသင်ဆောင်၊ ကျောင်းသားအိပ်ဆောင်၊ ကျောင်းသူအိပ်ဆောင်၊ စားရိပ်သာဆောင်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ကာကွယ်ဆေးထုတ်လုပ်ရေးဌာနစု၏ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ပေးနေမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(ရန်ကုန်)၏ တိရစ္ဆာန် ကူးစက်ရောဂါများ စူးစမ်းရှာဖွေခြင်းနှင့် အတည်ပြုပေးခြင်းလုပ်ငန်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများ၊ ရောဂါတုံ့ပြန်နိုင်မှု( Antibodies Titre) တိုင်းတာပေးခြင်း၊ ရောဂါစစ်ဆေးရန် ကွင်းဆင်းနမူနာကောက်ယူခြင်း၊ ရောဂါသုတေသနပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ပျားအုံထုတ်လုပ်ရေးစက်ရုံနှင့် ပျားရည်သန့်စင်စက်ရုံတို့ကိုလည်းကောင်း၊ တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)တွင် ဆောင်ရွက်လျက်ရှိသော အရည်အသွေးပြည့်ဝသည့် မျိုးရည်ခဲချောင်းထုတ်လုပ်ရန် မွေးမြူထားသည့် ဖရီရှန်၊ ပြာစိမ်းနှင့် ရွှေနီနွားမျိုးများကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ်ကွက် နှင်းဆီ(၅)လမ်းရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူလုပ်ကိုင်နေမှုနှင့် ရန်ကုန် – မန္တလေး အမြန်လမ်း မိုင်တိုင်(၂၆)ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့ကိုလည်းကောင်းကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား အကြံပြုဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကျင်းပပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားရေတပ် ဦးစီးချုပ် Admiral Nikolai A.EVMENOV နှင့် နှစ်နိုင်ငံရေတပ်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**နိုင်ငံတော်သီချင်းများတီးမှုတ်**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် အလေးပြုခုံ စင်မြင့်၌ နှစ်နိုင်ငံ ရေတပ်စစ်ရေးပြတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး(ယာပုံ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အလံတော်တို့ကို နိုင်ငံတော်သီချင်းများ တီးမှုတ်၍ အလေးပြုကြသည်။



ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် လေ့ကျင့်ခန်းအဖွင့်အမှာစကားများ ပြောကြားခြင်း၊




လေ့ကျင့်ခန်း အထိမ်းအမှတ် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်း၊ မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်လှစ်ကြောင်း ကြေညာခြင်းနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)


**ပါဝင်လေ့ကျင့်**

မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းတွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်ရေယာဉ်များသည် ရုရှားရေတပ်မှ စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ပူးပေါင်း၍ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေး လေ့ကျင့်ခန်းများ၊ ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ လေ့ကျင့်ခန်းအတွင်း နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ပါဝင်လေ့ကျင့် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ဆက်လက်ဖျော်ဖြေ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ မြန်မာ- ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးမြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr.Iskandar Azizov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ဖျော်ဖြေပွဲတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေး မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့တို့မှ အနုပညာရှင်များက ဖျော်ဖြေကြရာ ရုရှားရေတပ်သံစုံ တီးဝိုင်းအဖွဲ့က ရုရှားသီချင်းများ၊ အကအလှများ အပါအဝင် မြန်မာတေးသီချင်းကိုလည်းကောင်း၊ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့က ဆန်းသစ်လှပပုဂံယိမ်းအက အပါအဝင် ရုရှားတေးသီချင်း ဖြစ်သည့် Katyuha သီချင်းနှင့် Kalinka တေးသီချင်းတို့ကို မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြိုင်ဆိုင်စွာ တီးခတ်ပြီး ရုရှားတေးသီချင်းဖြစ်သည့် Ar Thi Na Si Me Yar ကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေမှုများ အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကို လည်းကောင်း (ဝဲပုံ)၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတ အဖွဲ့ကိုလည်းကောင်း ဂုဏ်ပြုပန်းခြင်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ လက်တွေ့အသုံးချမှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၆**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ လက်တွေ့အသုံးချမှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)ရှိ ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးခွဲများမှ ငွေစာရင်းဆိုင်ရာလုပ်ငန်းများ၌ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို ပိုမိုသိရှိနားလည်ပြီး ကောင်းမွန်သောဘဏ္ဍာရေးစည်းမျဉ်း စီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက လာရောက်ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း။



သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချသည့် ဘာသာရပ်ဆိုင်ရာ အသိပညာရပ်များကို စိတ်ပါဝင်စားစွာလေ့လာသင်ယူ၍ မိမိတို့၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများကို မြှင့်တင်သွားရန် တိုက်တွန်းမှာကြားပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ လက်တွေ့ အသုံးချမှုသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေဩဇာများပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြအခမ်းအနားသို့ တက်ရောက်အားပေး

**ဘားအံ နိုဝင်ဘာ ၆**

ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေဩဇာများ ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ထောင်ဝိကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့ တက်ရောက်အားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တောင်သူများအား နေကြာမျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် တောင်သူများအား နေကြာမျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်စဉ်။

**ပြည်နယ် စားရေရိက္ခာဖူလုံရေး**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တိုးတက်လာသည့် လူဦးရေအတွက် စားရေရိက္ခာ ဖြည့်တင်းရန် စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတိုးထုတ်လာနိုင်ရန် လိုအပ်သကဲ့သို့ အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဆီ၊ ပဲ ဖူလုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် စားသုံး၍ရသည့် သီးနှံများကို တစ်သီး၊ နှစ်သီး သုံးသီးအထိ မိမိတို့လယ်ယာမြေများတွင် နေရာလပ်မကျန် အချိန်မီ စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်နေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အပြင် လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန် သဘာဝအရင်းအမြစ်နှင့် သယံဇာတ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ကုန်းမြင့်သီးနှံ၊ မြေနိမ့်သီးနှံ စသည့် သီးနှံအမယ်စုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ လယ်ယာသားငါး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို အရှိန်အဟုန်မြှင့် တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က တောင်သူများအား နေကြာမျိုးစေ့နှင့်မြေဩဇာများထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်ဖလား လေှလှော်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု အဖွဲ့များနှင့် တွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်နှင့်အဖွဲ့ ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

**စီးပွားတိုးတက်ဖွံ့ဖြိုးရေး**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က မိမိအနေဖြင့် တိုင်းရင်းသားများနှင့် တွေ့ဆုံသည့်အခါတိုင်း တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကို တာဝန်ယူကြသည့် ပုဂ္ဂိုလ်များကို အမြဲတမ်း တိုက်တွန်းပြောကြားပါကြောင်း၊ ယင်းတာဝန်သည် အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က တိုင်းရင်းသားများအနေဖြင့် မိမိစာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ကိုယ်စီတာဝန်ရှိပါကြောင်း၊ မိမိစာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံကိုလည်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ဒေသအတွင်းရှိသည့် တိုင်းရင်းသားများအားလုံး တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီပြီး စောင့်ရှောက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကရင်၊ ပအိုဝ်း၊ ရှမ်း၊ မွန်၊ ဗမာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၅၀ ထောက်ပံ့ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘာဝဘေး ကြုံတွေ့ပါက ထိခိုက်မှုလျော့နည်းရေး ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ကို ထားဝယ်မြို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က ဖွင့်လှစ်ပို့ချသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်အပါအဝင် ရုတ်တရက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များ ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များအလိုက် ရှာဖွေကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တူညီဝတ်စုံများ ပေးအပ်ပြီး သင်တန်းတွင်အသုံးပြုမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုအားပေးသည်။ သင်တန်းတွင် ကျွမ်းကျင်နည်းပြများက နိုဝင်ဘာ ၁၇ ရက်အထိ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects – QIP)" အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ သုံးစောင် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် "မြန်မာနိုင်ငံ အလယ်ပိုင်း၊ အပူပိုင်းဇုန်ဒေသရှိ မိုးခေါင်ရေရှား ကျေးရွာများတွင် ဆိုလာစွမ်းအင်ဖြင့် ရေပေးဝေရေးစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "ဌာနဆိုင်ရာ အီလက်ထရောနစ် စာကြည့်တိုက် စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"တို့ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** "ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၌ အသေးစား လေစွမ်းအင်ဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီးပေးရေး စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စုစုပေါင်း စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ရှိသည့် အဆိုပါနားလည်မှုစာချွန်လွှာ သုံးစောင် လက်မှတ်ရေးထိုးခြင်းဖြင့် အပူပိုင်းဇုန် မိုးခေါင်ရေရှားသည့် ဒေသများတွင် ဆိုလာစွမ်းအင်ဖြင့် သန့်ရှင်းသောရေ လုံလောက်စွာပေးဝေနိုင်ခြင်း၊ အီလက်ထရောနစ် စာကြည့်တိုက် တည်ထောင်နိုင်ခြင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လေစွမ်းအင်ဖြင့် လျှပ်စစ်မီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

Quick Impact Projects (QIP) သည် စီမံချက်တန်ဖိုးအားဖြင့် စီမံချက် တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးပြီး အလားတူစီမံချက်များအား မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်နိုင်ငံ Chongqing မြို့၌ ကျင်းပသည့် The Belt and Road Conference on Science and Technology Exchange ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၆

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ တရုတ်နိုင်ငံ Chongqing မြို့၌ ကျင်းပသည့် "The Belt and Road Conference on Science and Technology Exchange" ဖွင့်ပွဲအခမ်းအနားသို့ ဒေသတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးများနှင့်အတူ တက်ရောက်သည်။** (ယာပုံ)

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငယ်ရွယ်သော သိပ္ပံပညာရှင်များအတွက် ကျင်းပသော "The Belt and Road Forum" ၌ လူငယ်သိပ္ပံပညာရှင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံပြီး ယနေ့ လူငယ်ပညာရှင်များ၏ စွမ်းဆောင်ရည်၊ သုတေသနနှင့် တီထွင်ဖန်တီးနိုင်မှုသည် အနာဂတ်ကမ္ဘာနှင့် လူသားများအတွက် အလွန်အရေးပါကြောင်း၊ လူငယ်သိပ္ပံပညာရှင်များ အနေဖြင့် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ကမ္ဘာနှင့် လူသားများ အပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ဦးတည်ဆောင်ရွက်ရင်း မိမိတို့၏ စုပေါင်းအားနှင့် စွမ်းဆောင်ရည်များကို ပိုမိုကောင်းမွန်စေခြင်းကြောင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ကာ "သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပိုမိုနီးကပ်သော ဆောင်ရွက်မှု တည်ဆောက်ခြင်း" အကြောင်းအရာနှင့် "တီထွင်ဆန်းသစ်မှုဖြင့် မောင်းနှင်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့" အကြောင်းအရာတို့ကို



အပြန်အလှန်ဆွေးနွေးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီး H.E Prof. YIN Hejun က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ ဒေသတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများကိုအခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးအတွက် မြေကိုအကျိုးရှိစွာအသုံးချနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ အပြည့်အဝ ရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးနည်းပညာများရရှိရေးကို ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် တောင်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် စက်ရုံ အလုပ်ရုံများတွင် ကုန်ကြမ်းများ လုံလောက်စွာ ရရှိရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ကုန်ထုတ်စွမ်းအားများ တိုးတက်ရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်းသီးနှံ (ဆီထွက်သီးနှံ စက်မှုကုန်ကြမ်းသီးနှံများ) အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ စိုက်ဧက တိုးချဲ့နိုင်ရေး၊ ရေပေးဝေနိုင်မှု၊ ဆောင်းသီးနှံ စိုက်ပျိုးနိုင်မှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက နေပြည်တော်အတွင်း သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ ဖြည့်စွက် ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ က လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုပြဿနာ၊ စစ်ပွဲသံသရာနှင့် ယနေ့ကမ္ဘာ

မောင်ကမ္ဘာ

❑ **ဂါဇာကမ်းမြောင်ဒေသအတွင်း လူသားချင်းစာနာမှုအကူအညီများ ဝင်ခွင့်ပြုရန်နှင့် အပစ်အခတ်ခေတ္တရပ်တန့်ရေးအတွက် တောင်းဆိုမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုက အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဗီတိုအာဏာ သုံး၍ ပယ်ချခဲ့**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့။

အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဟားမားစ် စစ်သွေးကြွတို့၏ ယခုအကြိမ် အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်မှုက အစ္စရေးနိုင်ငံသမိုင်းတွင် မကြုံစဖူး ရာဇဝင်တွင်သွားခဲ့သည်။ ဟားမားစ်တို့၏ တိုက်ခိုက်မှုအတွင်း အစ္စရေးနိုင်ငံသား ၁၄၀၀ ထက်မနည်းသေဆုံးခဲ့ပြီး နှစ်ရာကျော်မှာ ဓားစာခံများအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

ဟားမားစ်တို့၏ ယခုအကြိမ် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုသည် အစ္စရေးနိုင်ငံ ထူထောင်ပြီးချိန်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ အဆိုးရွားဆုံးခံရသည့်နှစ်အဖြစ် အစ္စရေးလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက မှတ်တမ်းတင်ခဲ့သည့် ၂၀၀၂ ခုနှစ်ထက် ပို၍အခြေအနေဆိုးရွားခဲ့သည်။

၂၀၀၂ ခုနှစ်တွင် ဟားမားစ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံသည် လုံခြုံရေးသာမက စီးပွားရေးကဏ္ဍတွင်ပါ ထိခိုက်ခဲ့ရသည်။ ကမ္ဘာလှည့်ခရီးသွားများပင်မဆိုထားဘိ အစ္စရေးပြည်သူများသည်ပင်လျှင် ဈေးများ၊ ကုန်တိုက်များ၊ စားသောက်ဆိုင်များကို မသွားရဲ၊ မလာရဲဖြစ်ခဲ့ကြသည်။ ဘတ်စ်ကားများပေါ်တွင် အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ဘတ်စ်ကားပင် မစီးရဲသည်အထိ အခြေအနေ ဆိုးရွားခဲ့သည်။ ထိုစဉ်က ဟားမားစ်တို့၏ အသေခံဗုံးဖောက်ခွဲမှုများကြောင့် ၂၀၀၂ ခုနှစ် မတ်လတစ်လအတောအတွင်းမှာပင် အစ္စရေးအရပ်သားပြည်သူ စုစုပေါင်း တစ်ရာကျော် သေဆုံးခဲ့ပြီး ခြောက်ရာကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်**

အစ္စရေးတို့ကလည်း လက်စားချေ တုံ့ပြန်သည့်အနေဖြင့် ဟားမားစ်အဖွဲ့မှ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ် မတ်လတွင် ဟားမားစ်ခေါင်းဆောင် ရှိတ်ယာဆင်ကို အစ္စရေးတို့က ရဟတ်ယာဉ်ပေါ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ဆက်တိုက်ဆိုသလို ယာဆင် နေရာဆက်ခံသူ ရန်တီစီကိုလည်း ဧပြီလတွင် ဒုံးကျည်ဖြင့်ပင် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ဟားမားစ်ခေါင်းဆောင် ရှိတ်ယာဆင်သည် ဟားမားစ်လှုပ်ရှားမှုကို စတင်တည်ထောင်ခဲ့သူဖြစ်သည်။ ယာဆင်သည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် အစ္စလာမ္မစ် ခုခံတော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့ပြီး အာရပ်ဘာသာအတိုကောက်အဖြစ် ဟားမားစ်ဟု အမည်ပေးခဲ့သည်။ “စိတ်အားထက်သန်တက်ကြွမှု” ဟူသည့်အဓိပ္ပာယ်ရသည်။ ဟားမားစ်တို့သည် အစ္စရေးနိုင်ငံတည်ရှိမှုကို အသိအမှတ်မပြုဘဲ အစ္စရေးကို အလုံးစုံပျက်သုဉ်းရေး၊ ဖယ်ရှားရေးအတွက် ဂျီဟတ်ဆင်နွှဲရန် သန္နိဋ္ဌာန်ချခဲ့သူများဖြစ်သည်။

ထို့ကြောင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်တို့ သဘောတူညီခဲ့ကြသည့် ၁၉၉၃ ခုနှစ် အော်စလိုငြိမ်းချမ်းရေး သဘောတူညီမှုပျက်ပြားစေရန် ၁၉၉၄၊ ၁၉၉၅ ခုနှစ်များတွင် အစ္စရေးနိုင်ငံအတွင်း အကြမ်းဖက်မှုများနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ပြုလုပ်ခဲ့ကြသည်။

သို့ဖြစ်၍ အစ္စရေးပြည်သူအများစုသည် အော်စလိုသဘောတူညီချက်ကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ယူဆလာကြပြီး ဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်ကို ဆန့်ကျင်ဆန္ဒပြမှုများ ပိုမိုပြင်းထန်လာခဲ့သည်။ အဆုံးမှာတော့ ဝန်ကြီးချုပ်ရာဘင်သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင် တဲလ်ဗစ်မြို့ Kings of Isreal ရင်ပြင်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးလူထုအစည်းအဝေးပွဲကြီး၌ မိန့်ခွန်းပြောကြားပြီးအပြန် ကားရှိရာသို့ အသွားတွင် ယီဂဲလ်အာမီယာဆိုသူ ဂျူးအစွန်းရောက် လူငယ်တစ်ဦး၏ သေနတ်နှင့် အနီးကပ် ပစ်ခတ်လုပ်ကြံမှုကြောင့် ကွယ်လွန်သွားခဲ့ရရှာသည်။

> “ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားချိန်မှစ၍ ဗုံးအရေအတွက် တစ်သောင်းကျော် ပစ်ချခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ပေါက်ကွဲမှုပမာဏ တန်ချိန် ၂၅၀၀၀ ကျော် ရှိခဲ့ရာ တစ်စတုရန်း မိုင်လျှင် တန်ချိန် ၇၀ နီးပါးအထိဖြစ်ကြောင်း ဂါဇာအစိုးရ မီဒီယာရုံး၏ ထုတ်ပြန်ချက်အရ သိရ”

ရာဘင်နေရာဆက်ခံသူ ရှီမွန်ပီရက်မှာလည်း ဟားမားစ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်တန့်အောင် မစွမ်းဆောင်နိုင်ခဲ့ပြန်၍ ၁၉၉၆ ခုနှစ် မေလ ရွေးကောက်ပွဲတွင် ယခုတစ်ကျော့ပြန်ဝန်ကြီးချုပ်ဖြစ်လာသူ နေတန်ယာဟုကို အရှုံးပေးလိုက်ရသည်။ တကယ်တမ်းဆိုရလျှင် နေတန်ယာဟုသည် ဟားမားစ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့်ပင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။

သို့သော် ဟားမားစ်တို့၏ ယခုအောက်တိုဘာလ ၇ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင်မူ ဝန်ကြီးချုပ် နေတန်ယာဟုအတွက်သာမက အစ္စရေးနိုင်ငံအတွက်ပါ မကြုံစဖူး အထိနာခဲ့ရလေသည်။

ထို့ကြောင့် ဝန်ကြီးချုပ်နေတန်ယာဟုက ဟားမားစ်တို့၏ အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကို ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှု၊ 9/11 အကြမ်းဖက် တိုက်ခိုက်ခံရခဲ့မှုအဖြစ် သတ်မှတ်ခဲ့ပြီး ဟားမားစ်တို့၏ ဂါဇာကမ်းမြောင်ဒေသကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။

သို့ရာတွင် အစ္စရေးတို့၏ မီးကုန်ယမ်းကုန် အပြင်းအထန်လက်တုံ့ပြန် ဗုံးကြဲတိုက်ခိုက်မှုများသည် ဟားမားစ်တို့ထက် ပါလက်စတိုင်း အရပ်သားပြည်သူများကို ပို၍ထိခိုက်သေဆုံးစေခဲ့သည်။

“ဂါဇာဒေသကို ရွက်ဖျင်တဲများသာဖြစ်စေရမည်”ဟူသည့် ကြုံးဝါးချက်နှင့်အညီ အစ္စရေးတို့သည် အရပ်ဘက်လူနေတိုက်တာများ၊ ဆေးရုံများ၊ ဒုက္ခသည်စခန်းများပင်မရှောင် အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဂါဇာကမ်းမြောင်ဒေသသည် မီးဟုန်းဟုန်းတောက်လောင်လျက် သုသာန်တစပြင်ပမာ ဖြစ်ခဲ့ရလေသည်။

ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများ စတင်ဖြစ်ပွားချိန်မှစ၍ ဗုံးအရေအတွက် တစ်သောင်းကျော်ပစ်ချခဲ့ပြီး ခန့်မှန်းခြေအားဖြင့် ပေါက်ကွဲမှုပမာဏတန်ချိန် ၂၅၀၀၀ ကျော်ရှိခဲ့ရာ တစ်စတုရန်းမိုင်လျှင် တန်ချိန် ၇၀ နီးပါးအထိဖြစ်ကြောင်း ဂါဇာအစိုးရမီဒီယာရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေး - ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ နိုဝင်ဘာလ ၂ ရက်နေ့အထိ ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၉၀၀၀ ကျော်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

သေဆုံးသူများမှာ ကလေး ၃၇၆၀ နှင့် အမျိုးသမီး ၂၃၂၆ ဦး အပါအဝင် စုစုပေါင်း ၉၀၆၁ ဦးအထိ မြင့်တက်လာခဲ့ကာ ဒဏ်ရာရသူဦးရေ ၃၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဂျာဘာလီယာဒုက္ခသည်စခန်းကို အစ္စရေး၏ အောက်တိုဘာလ ၃၁ ရက်နေ့က လေကြောင်းတိုက်ခိုက်မှုတွင် ဒုက္ခသည် ၅၀ ကျော် သေဆုံးခဲ့ပြီး ၁၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

**သောကပွေနေသည့်မြင်ကွင်းက ကမ္ဘာ့ပြည်သူများ၏ ရင်ကိုတုန်လှုပ်စေ**

အပျက်အစီးများကြားတွင် သားပျောက်ရှာဖွေနေသူ သားသမီးသုံးဦး၏ ဖခင်တစ်ဦး၏ “နှုတ်တောင်မဆက်လိုက်ရဘူး” ဟူသည့် မချိတင်ကဲရေရွတ်မှုနှင့်အတူ သောကပွေနေသည့်မြင်ကွင်းကလည်း ကမ္ဘာ့ပြည်သူများ၏ ရင်ကိုတုန်လှုပ်စေသည်။ ဂါဇာဒေသရှိ လူကုံထံများ နေထိုင်ရာရပ်ကွက်တစ်ခုကိုလည်း အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အုတ်ပုံအပျက်အစီးများကြားမှ ပါလက်စတိုင်း အမျိုးသမီးကြီးတစ်ဦးက “ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ကျွန်မတို့ဘဝ ပျက်ပါပြီ” ဟူ၍လည်း မေးခွန်းထုတ်ခဲ့ပြန်ပါသည်။

အောက်တိုဘာလ ၇ ရက်နေ့က ဟားမားစ်တို့က အစ္စရေးကို အလစ်အငိုက်ဖမ်းပြီး ရုတ်တရက်ဝင်ရောက်တိုက်ခိုက်၍ အပြစ်မဲ့ အရပ်သားပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့စဉ်က ကြောက်ရွံ့တုန်လှုပ်နေကြသည့် ဂျူးရင်သွေးငယ်များနှင့် အစ္စရေး၏ အပြင်းအထန် လက်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ကြောက်ရွံ့မှုများဖြင့် ပြည့်နှက်နေသော ပါလက်စတိုင်းအပြစ်မဲ့ကလေးငယ်များ၏ မျက်ဝန်းများကလည်း ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများ၏ စိတ်နှလုံးကို တုန်လှုပ်စေသည်။

ထိုသို့ ဂါဇာကမ်းမြောင်ဒေသသည် အပျက်အစီးများနှင့် ငရဲခန်းအခြေအနေ ဆိုက်ရောက်လာမှုကြောင့် အစ္စရေးတို့အား ထိန်းထိန်းသိမ်းသိမ်းပြုလုပ်ရန် တောင်းဆိုသံများလည်း ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ ပါလက်စတိုင်းကို ထောက်ခံသည့် ဆန္ဒပြမှုများလည်း ကမ္ဘာတစ်လွှား ဖြစ်ပွားလာခဲ့သည်။

သို့သော် အစ္စရေး၏ ဒေါမာန်ဟုန်ကို အစဉ်အလာမဟာမိတ် အမေရိကန်နှင့် အနောက်နိုင်ငံများသာမက ကုလသမဂ္ဂအဖွဲ့ကြီးကလည်း မတားဆီးနိုင်တော့ပါ။ စစ်ဘေးဒဏ်ခံနေရသည့် ဂါဇာပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးနိုင်ရေးပင်လျှင် ကျားသနားမှ နွားချမ်းသာရမည့် အခြေအနေဖြစ်နေသည်။

ဂါဇာကမ်းမြောင်ဒေသအတွင်း လူသားချင်းစာနာမှုအကူအညီများ ဝင်ခွင့်ပြုရန်နှင့် အပစ်အခတ်ခေတ္တရပ်တန့်ရေးအတွက် တောင်းဆိုမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုက အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ပြန်ပါသည်။


သို့ဖြင့် နိုင်ငံတကာတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ရှိအခန်းကဏ္ဍကို ကမ္ဘာ့ပြည်သူအပေါင်းက မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

“စစ်ပွဲတွေနဲ့ မကြုံရတဲ့ သာမန်ကလေးတစ်ယောက်လိုပဲဖြစ်ချင်ပါတယ်”၊ “ဒုံးကျည်တွေနဲ့လည်း မပစ်ကြပါနဲ့တော့၊ အန္တရာယ်ကင်းကင်းနဲ့ အိမ်ကိုပြန်ချင်ပါတယ်” ဟူသည့် ကမ္ဘာ့မီဒီယာ မြင်ကွင်းထက်က ပါလက်စတိုင်းရင်သွေးငယ်တို့၏ ခံစားချက်များ၊ ဂါဇာရှိ အယ်လ်အာလီဆေးရုံကို ဒုံးကျည်ကျရောက် ပေါက်ကွဲမှုဖြစ်စဉ်အတွင်း မိသားစုဝင်များဆုံးပါးခဲ့ရသူ ပါလက်စတိုင်းပြည်သူတစ်ဦး၏ “စစ်ပွဲကြီးရပ်ပါတော့” ဟူသည့် မေတ္တာရပ်ခံချက်များကြားမှ အစ္စရေး - ဟားမားစ်ပဋိပက္ခသည် ပို၍အရှိန်အဟုန်မြင့်တက်လျက်ရှိသည်။ နိုဝင်ဘာလ ၂ ရက်နေ့ ကမ္ဘာ့သတင်းများအရ အစ္စရေးမြေပြင်တပ်ဖွဲ့များသည် မြေပြင်ထိုးစစ်ဝင်ရောက်ရန် ဂါဇာမြို့အား ဝိုင်းရံထားပြီးပြီဟု ဆိုရသည်။

ကမ္ဘာ့ပြည်သူအများစုကမူ အစ္စရေး - ဟားမားစ် ပဋိပက္ခစစ်ပွဲသည် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားလေမလား၊ နာကြည်းမုန်းတီးမှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် အကြမ်းဖက်မှုများသည်လည်း ယနေ့ကမ္ဘာတွင် တစ်ကျော့ပြန် ဖြစ်ပွားလာလေမလားဟု စိုးရိမ်မကင်း ဖြစ်လျက်ရှိသည်။

*စာမျက်နှာ ၁၁ သို့*

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကိုစွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စေတနာရှင်အလှူရှင်များက စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ၁၀၀၈ သိန်းနှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)** ယင်းနောက် တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကိုစွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် စေတနာရှင်အလှူရှင်များက စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ၂၇၆၂ သိန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ လာရောက်ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

ထို့ပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကိုစွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ယနေ့ နံနက်ပိုင်းတွင် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မစားရသည့် အမဲ သဲနှင့်ပက်ကြသူများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တက်ဖို့အမြဲချောင်းနေတဲ့ ကုန်ဈေးနှုန်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း

**တောင်ငူ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ ညနေ ၄ နာရီက တောင်ငူအထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဌာန၌ စုပေါင်းသွေးလှူဒါန်းမှုများ ပြုလုပ်သည်။



သွေးလှူဒါန်းမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** အာဟာရဖြည့် အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

တောင်ငူမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်း ခြောက်ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများအဖြစ် မြစည်းခုံ စေတီတော်မြတ်ကြီးတွင် နိုဝင်ဘာ ၄ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာလ ၂၇ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များက ကိုးကန့်ဒေသအတွင်းရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အပြစ်မဲ့အရပ်သား ပြည်သူအချို့အား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ အလားတူ KIA အဖွဲ့ကလည်း ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြပြန်သည်။ တပ်မတော်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တန်ပြန်ချေမှုန်းမှုများဆောင်ရွက်ခဲ့မှုကြောင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ထောင်နှင့်ချီသော ဒေသခံပြည်သူများသည် နေရပ်စွန့်ခွာ တိမ်းရှောင်ထွက်ပြေးခဲ့ကြရပြန်ပါသည်။

စစ်သွေးကြွများ၊ စစ်လိုလားသူစစ်ဝါဒီများ၊ စစ်ဘုရင်များ၊ စစ်ပွဲကိုအကြောင်းပြု၍ အကျိုးအမြတ်ရရှိနေသူများ၊ လူမျိုးစွဲ၊ ဘာသာစွဲ အမြင်ကျဉ်းမြောင်းသူများ ရှိနေသမျှ ယနေ့ကမ္ဘာသည် အကြမ်းဖက်မှုပြဿနာနှင့်စစ်ပွဲသံသရာကြားတွင် တဝဲလည်လည် လုံးလည်လိုက်ကြုံတွေ့နေဦးမည်သာ။ ။

## အရှေ့မြောက်ဒေသမှ နေဝန်းနီသို့

(၁)
အောက်တိုဘာလ၊ ချမ်းအေးမြ၍
ဝင်းပကောင်းကင်၊ လေနုဆင်လျက်
ကင်းစင်မိုးပေါက်၊ နှင်းတို့ရောက်ကာ
တောက်လျှောက်အေးမြ၊ ဆောင်းအလှသည်
မြမြသင်းထုံ ငွေဝတ်မှုန်။
ကျစနှင်းမှုန် အလှစုံ...။
(၂)
ဆောင်းဦးချမ်းမြ၊ ကြည်နူးကြချိန်
လအောက်တိုဘာ၊ နှစ်ဆယ့်ခွန်မှာဖြင့်
စွဲကာလက်နက်၊ ပစ်ခတ်လျက်ဖြင့်
ဆင်းသက်မြောက်မြား၊ ပေါင်းအင်အားတို့
တံတားဂိတ်များ၊ ဖျက်ဆီးသွားပြီး
ပစ်အားသုံးကာ တိုက်ခိုက်လာ...။
(၃)
တိုက်ခိုက်ရန်သူ၊ သူတို့မူကား
လူသူကင်းသွား၊ တိုက်စစ်ထား၍
လားရှိုးကွတ်ခိုင်၊ မြို့လောက်ကိုင်နှင့်
ခိုင်မာကွမ်းလုံ၊ ဒေသစုံ၌
မျိုးစုံကိုင်စွဲ၊ ဒရုန်းဝဲ၍
ကျောက်မဲချင်းရွှေဟော်၊ သိန္နီကျော်ထိ
ကျူးကျော်လာက ရိုင်းမိုက်စွ...။
(၄)
အရှေ့မြောက်ဆီ၊ နေဝန်းနီကို
ယုံကြည်ကိုးစား၊ ပြည်သူများသည်
တရားသောစစ်၊ နိုင်ပွဲဖြစ်ဖို့
ချစ်ခင်ဆုတောင်း၊ ပြည့်သားကောင်းကို
ထပ်လောင်းဆုမွန်၊ တေးသဝဏ်နှင့်
ခွန်အားစကား၊ စားသောက်များပြင်
ပါးကာစာလွှာ၊ ဖတ်စေပါသော်
ကျလာမျက်ရည်၊ စိတ်တည်ကြည်လျက်
ပီပြင်ပြတ်သား၊ တိုက်စွမ်းအားဖြင့်
သားကောင်းပီပီ ရှေ့ဆက်ချီ...။
(၅)
ဪ...
ထိပါးရန်စ၊ တိုက်ခဲ့ကြသော
များလှအင်အား၊ ရန်သူများကို
တိုက်ထားကျွမ်းကျင်၊ စစ်မြေပြင်ဝယ်
တင်ရန်မှတ်ကျောက်၊ ထွန်းပြောင်မြောက်အောင်
မကြောက်မရွံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား၊ မြတ်စိတ်ထားဖြင့်
ပြတ်သားရဲရင့်၊ အားမာန်ဝင့်၍
မြင့်မြတ်ခိဋ္ဌာန်၊ သစ္စာနှံလျက်
တန်ပြန်တိုက်မည် အားမာန်ချီ။
အရှေ့မြောက်ဆီက နေဝန်းနီ။ ။

(အရှေ့မြောက်ဒေသတွင် အင်အားသုံးတိုက်ခိုက်လာသော MNDAA ၊ AA ၊ TNLA သောင်းကျန်းသူများကို ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်နေသော တပ်မတော်သားနေဝန်းနီများသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။)

**ရဲမင်းစိုး**

# စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**

စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့နယ်များတွင် မြို့နယ်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးကဏ္ဍနှင့် စက်မှုကဏ္ဍမှထွက်ရှိသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြို့ပြ၊ ကျေးလက်ဒေသ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများက ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ထုတ်လွှတ်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးနှင့် လူသားတို့၏ ကျန်းမာရေး ထိခိုက်မှုမရှိစေရန်အတွက် သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ သက်ဆိုင်ရာဌာနများက ပူးပေါင်း၍ စောင့်ကြပ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကော်မတီ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၂) ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းကာလအတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ပညာဌာန ရှစ်ခုမှ ဆရာ ဆရာမများက ခေတ်စနစ်နှင့် ကိုက်ညီပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်သည့် သက်ဆိုင်ရာ ဘာသာရပ်များကို ၎င်းတို့၏ အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာရှုထောင့်မှ ပို့ချဆွေးနွေးပေးကြမည်ဖြစ်သည့်အတွက် ဂရုတစိုက် လေ့လာမှတ်သားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းကို တက်ရောက်ပြီးမှသာ ရွေးချယ်ခြင်း ခံထားရသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း အသီးသီးတွင် ပြန်တမ်းဝင် အရာရှိများအဖြစ် အတည်ပြုခန့်ထားခြင်း ခံရမည်ဖြစ်သည့်အတွက် ယခုသင်တန်းကို လေးလေးနက်နက် တန်ဖိုးထားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၇ဦး၊ သင်တန်းသူ ၅၉ဦး စုစုပေါင်း ၁၁၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်၌ ပဉ္စမနေ့အဖြစ် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် တပ်ကုန်းမြို့နယ်၌ ပဉ္စမနေ့အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

**မဲရလဒ် မှန် မမှန် စိစစ်**

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကာ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို မဲဆန္ဒရှင်များ ကိုယ်တိုင်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**စမ်းသပ်မဲပေး**

စမ်းသပ် မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ပြီး မဲပေးရာတွင် လွယ်ကူရှင်းလင်းစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များ မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲမရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ကို လက်တွေ့ သိရှိရသည့်အတွက် မဲပေးစက်အပေါ် ယုံကြည်သဘောကျ နှစ်ခြိုက်မှုရှိကြောင်းနှင့် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ကျင်းပဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ကြက်ခြေနီအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ အိုင့်ကျယ်ကျေးရွာအုပ်စု၊ မျက်ရဲကျေးရွာအုပ်စု၊ အေးချမ်းသာစံပြကျေးရွာအုပ်စု၊ ဝွေ့ကြီးကျေးရွာအုပ်စု၊ သံပုရာကုန်းကျေးရွာအုပ်စု၊ မြောက်မြိုက်ကျေးရွာအုပ်စု၊ ကျေးချောင်းကျေးရွာအုပ်စုနှင့် ညောင်တုန်းအိုင် ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒက္ခိဏသီရိမြို့နယ် ဌာနဆိုင်ရာငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဌာနဆိုင်ရာငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒက္ခိဏသီရိမြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးအား သမဝါယမဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း အသင်း၏ ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်အသီးသီးက ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာသော အသင်းသားများက ကန့်ကွက်ရန် မရှိပါသဖြင့် သဘာပတိက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## ကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က အီရန်နှင့် မဟာမိတ်လက်နက်ကိုင်အဖွဲ့များအား သတိပေး

ဘဂ္ဂဒက် နိုဝင်ဘာ ၆

အီရတ်နှင့် ဆီးရီးယားရှိ အမေရိကန်အခြေစိုက်စခန်းများကို မောင်းသူမဲ့လေယာဉ်ဖြင့် ဆက်တိုက် တိုက်ခိုက်ခြင်းအတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အီရန်နှင့် အီရန်ကျောထောက်နောက်ခံပြု လက်နက်ကိုင်အဖွဲ့များကို သတိပေးလိုက်သည်။

ဘလင်ကန်သည် ၎င်း၏ အီရတ်နိုင်ငံမြို့တော်သို့ အလည်အပတ်လာရောက်စဉ်အတွင်း အီရတ်ဝန်ကြီးချုပ် မိုဟာမက်အယ်လ်ဆူဒါနီနှင့် တွေ့ဆုံပြီးနောက် ဘဂ္ဂဒက်တွင် မီဒီယာများအား ထိုသို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် မဟာမိတ်များ၏ တိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများကို လုံးဝလက်မခံနိုင်ကြောင်း အယ်လ်ဆူဒါနီနှင့် တွေ့ဆုံမှုတွင် ဘလင်ကန်က ပြောကြားသည်။ အမေရိကန်သည် အီရန်နှင့် ပြဿနာမဖြစ်လိုကြောင်း၊ သို့သော်လည်း မိမိလူမျိုးကို ကာကွယ်ရန်လိုအပ်သည့်အရာကို လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား ပြင်းထန်လာသော ပဋိပက္ခများနှင့် ပတ်သက်၍ ဂါဇာကမ်းမြောင်ဒေသ၌ ပဋိပက္ခများလျော့ပါးရေးနှင့် အခြားနေရာများသို့ မပြန့်ပွားစေရေး ကြိုးစားလုပ်ဆောင်နေကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



## အသေအပျောက်များသည့် ငလျင်လှုပ်ခတ်ပြီးနောက် ဆိုးရွားသောအခြေအနေနှင့် နီပေါပြည်သူများ ရင်ဆိုင်နေရ

ခတ္တမန္ဒူ နိုဝင်ဘာ ၆

ပြီးခဲ့သည့် သောကြာနေ့ညနေပိုင်းက နီပေါနိုင်ငံအနောက်ပိုင်း တောင်ထူထပ်သည့် ဒေသတစ်ခု၌ အသေအပျောက်များသော ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့သောကြောင့် နီပေါပြည်သူများ ဆိုးရွားသောအခြေအနေများနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

ကုလသမဂ္ဂတာဝန်ရှိသူများက ကူညီထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံးပံ့ပိုးပေးနိုင်ရေး တောင်းဆိုထားသည်။ ဒေသအာဏာပိုင်များက ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၅၀ ကျော် သေဆုံးကြောင်း ပြောသည်။ ဒေသအာဏာပိုင်များနှင့် ကုလသမဂ္ဂနှင့် အိန္ဒိယ အပါအဝင် တချို့အိမ်နီးချင်းနိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ကင်မရွန်း အန်ဂလိုဖုန်းဒေသ၌ သေနတ်သမားများ ဝင်ရောက်စီးနင်းမှုဖြစ်ပွား၊ အသေအပျောက်များမည်ကို စိုးရိမ်

ယောင်အုန်ဒေး နိုဝင်ဘာ ၆

ကင်မရွန်းနိုင်ငံ အနောက်တောင်ပိုင်း စစ်ဘေးသင့်ဒေသရှိ အူဘီကော်ရွာကို သေနတ်သမားများက နိုဝင်ဘာ ၆ ရက် အစောပိုင်းတွင် ဝင်ရောက်စီးနင်းပြီးနောက် လူအများအပြားသေဆုံးမည်ကို စိုးရိမ်နေကြကြောင်း ဒေသတွင်းနှင့် လုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားသည်။

အသတ်ခံရသည့်အထဲတွင် အမျိုးသမီးနှင့် ကလေးငယ်များ ပါဝင်ကာ လူ ၂၅ ဦး၏ ရုပ်အလောင်းများကိုတွေ့ရှိပြီး နေရာတိုင်းတွင် ညည်းတွားသံများကြားရကြောင်း အမည်မဖော်လိုသူ သတင်းရင်းမြစ်က ပြောသည်။ ခွဲထွက်ရေးသမားများ ပုံမှန်လှုပ်ရှားမှုရှိသည့် နယ်မြေအတွင်း ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

## နှစ်ပေါင်း ၂၀ အတွင်း စင်ကာပူ ပထမဆုံးဝန်ကြီးချုပ်အပြောင်းအလဲပြုလုပ်မည်ဟုဆို

စင်ကာပူ နိုဝင်ဘာ ၆

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ၎င်း၏ ရာထူးကို လာမည့်နှစ်ဆောင်းဦးပေါက်တွင် ဒုတိယဝန်ကြီးချုပ် လော့ရင့်ဝေါင်ထံ လွှဲပြောင်းပေးမည်ဟု ပြောကြားခဲ့ပြီး နှစ်ပေါင်း ၂၀ အတွင်း စင်ကာပူနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်အပြောင်းအလဲ ဖြစ်လာမည်ဖြစ်သည်။

နိုဝင်ဘာ ၅ ရက်က ကျင်းပသည့် ပြည်သူ့လုပ်ရှားမှုပါတီ၏ နှစ်ပတ်လည် ညီလာခံတွင် လီက လာမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ဒုတိယဝန်ကြီးချုပ် လော့ရင့်ထံသို့ အာဏာလွှဲပြောင်းပေးရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

အသက် ၇၁ နှစ်အရွယ် လီရှန်လွန်းသည် စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် လီကွမ်ယု၏ အကြီးဆုံးသားဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ တတိယမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး အာရှ၏ အကြီးဆုံး စီးပွားရေး နိုင်ငံများအနက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ခဲ့သည်။

အသက် ၅၀ အရွယ် ဒုတိယဝန်ကြီးချုပ် ဝေါင်သည် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပြီး စင်ကာပူနိုင်ငံသို့ ကမ္ဘာ့တစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် ကမ္ဘာ့ထိပ်တန်းဘဏ္ဍာရေး အချက်အချာများထဲမှ တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးကိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။



စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း။

အင်န်အိတ်ချ်ကေ

## ယခုနှစ် ကိုးလတာအတွင်း တောင်ကိုရီးယား၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုနှုန်း ကျဆင်း

ဆိုးလ် နိုဝင်ဘာ ၆

ဆိုးရွားပြင်းထန်သော မတော်တဆမှုများအတွက် ထိရောက်သောပြစ်ဒဏ်များချမှတ်ပြီးနောက် ယခုနှစ် ပထမကိုးလအတွင်း စက်မှုမတော်တဆမှုများကြောင့် သေဆုံးမှုနှုန်း ကျဆင်းသွားကြောင်း တောင်ကိုရီးယားအစိုးရအချက်အလက်များက နိုဝင်ဘာ ၆ ရက်တွင် ဖော်ပြသည်။

ဇန်နဝါရီမှ စက်တင်ဘာလအတွင်း စက်မှုလုပ်ငန်းများအတွင်း မတော်တဆမှုကြောင့် သေဆုံးသူ ၄၅၉ ဦးရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်သည်။ ပြင်းထန်သော မတော်တဆမှုအတွက် ပြစ်ဒဏ်သည် လွန်ခဲ့သည့်နှစ် ဇန်နဝါရီလတွင် စတင်အသက်ဝင်ခဲ့ပြီး အချိန်ပြည့်အလုပ်သမား၅၀နှင့်အထက်ရှိသော လုပ်ငန်းခွင်များတွင် မတော်တဆမှုမဖြစ်အောင် ကာကွယ်ရန်ပျက်ကွက်သည့်အလုပ်ရှင်များအား တစ်နှစ်ထက်ပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေ ဝမ် ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၇၀၀၀၀) အထိ ချမှတ်ခဲ့သည်။

အချိန်ပြည့် အလုပ်သမား ၅၀ အောက်ရှိသော လုပ်ငန်းခွင်များတွင် သေဆုံးမှုအရေအတွက်မှာ ကိုးလတာကာလအတွင်း ၂၆၇ ဦးရှိပြီး ယမန်နှစ်ကာလတူထက် ၄၁ ဦး လျော့ကျသွားခဲ့သည်။ အလားတူ အချိန်ပြည့် အလုပ်သမား ၅၀ နှင့်အထက်ရှိသည့် လုပ်ငန်းခွင်များတွင် သေဆုံးသူ အရေအတွက် ၁၉၂ ဦး ရှိကာ ယမန်နှစ်ကထက် ၁၀ ဦး လျော့နည်းခဲ့သည်။

ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း သေဆုံးမှုအရေအတွက်သည် ဇန်နဝါရီမှ စက်တင်ဘာလအထိ ၂၄၀ ရှိပြီး ၁၃ ဦး ကျဆင်းသွားခဲ့သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် သေဆုံးမှုအရေအတွက် ၁၂၃ ဦးရှိပြီး ယမန်နှစ်ကထက် ၂၀ လျော့နည်းကျဆင်းသွားသည်။

ဆင်ဟွာ

## မွန်ဂိုလီးယားနိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်ကျ၍ နွား တိရစ္ဆာန်ထိန်းကျောင်းသူ ရှစ်ဦး သေဆုံးမှုဖြစ်ပွား

အူလန်ဘာတာ နိုဝင်ဘာ ၆

မွန်ဂိုလီးယားနိုင်ငံ အလယ်ပိုင်း၌ နှင်းမုန်တိုင်းကြောင့် ကျွဲ၊ နွား တိရစ္ဆာန်ထိန်းကျောင်းသူ ရှစ်ဦး သေဆုံးမှုဖြစ်ပွားကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက နိုဝင်ဘာ ၆ ရက်တွင် ပြောသည်။

သီတင်းပတ်ကုန်က နိုင်ငံအနှံ့အပြားသို့ တိုက်ခတ်ခဲ့သော နှင်းမုန်တိုင်းအတွင်း ၎င်းတို့၏ ကျွဲ၊ နွား တိရစ္ဆာန်များကို ထိန်းကျောင်းနေစဉ်အတွင်း အမျိုးသားတစ်ဦး၊ အမျိုးသမီးခြောက်ဦးနှင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက်နောက်ပိုင်းကတည်းက နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းများတွင် ရေခဲဖုံးလွှမ်းမှုနှင့် အမြင်မရှင်းလင်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အဆိုးရွားဆုံးထိခိုက်ခဲ့သော မွန်ဂိုလီးယားနိုင်ငံအလယ်ပိုင်းတွင် နှင်းအလွှာထု ၃၄ စင်တီမီတာအထိ ဖုံးလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း မိုးလေဝသနှင့် ပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အမျိုးသားအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုသည် လာမည့်ခြောက်ရက်အတွင်း နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ဆက်လက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဟားမားစ်ခေါင်းဆောင် ဟာနီယေးနှင့် အီရန်ခေါင်းဆောင် ခါမေနီတို့ ဂါဇာအရေး ဆွေးနွေး

တီဟီရန် နိုဝင်ဘာ ၆

ဟားမားစ်ခေါင်းဆောင်အစ္စမေးလ် ဟာနီယေးသည် အီရန် ခေါင်းဆောင် အယာတိုလာအလီခါမေနီနှင့် အီရန်နိုင်ငံ၏မြို့တော် တီဟီရန်တွင် တွေ့ဆုံခဲ့ကြကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် ဂါဇာကမ်းမြောင် အခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အီရန်အစိုးရက ဟားမားစ်ခေါင်းဆောင် ဟာနီယေး၏ အီရန်ခရီးစဉ်နှင့် ပတ်သက်ပြီး တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဟာနီယေးသည် ဂါဇာကမ်းမြောင်၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်ပြီး ခါမေနီကို အတိုချုပ်ပြောပြခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့နောက် ဂါဇာကမ်းမြောင် ဒေသခံများ၏ ဖွဲ့လုံ့လကို ချီးကျူးကြောင်း၊ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ တိုက်ရိုက်ပံ့ပိုးမှုများနှင့်အတူ ဇီယွန်ဝါဒီအစိုးရ၏ ကျူးလွန်သော ရာဇဝတ်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း အီရန်ခေါင်းဆောင်က ပြောသည်။

ဟားမားစ်နှင့် အီရန် ခေါင်းဆောင် နှစ်ဦးတွေ့ဆုံမှုသည် အစ္စရေး - ဂါဇာ ပဋိပက္ခစတင်ဖြစ်ပွားချိန်နောက်ပိုင်း ပထမဆုံး အကြိမ် တွေ့ဆုံမှုဖြစ်သည်။



အင်န်အိတ်ချ်ကေ

# မကွေးကုန်စည်ဒိုင်၌ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော နှမ်းနှင့် ပဲမျိုးစုံဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးကုန်စည်ဒိုင်သို့ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရေနံ့ချောင်း၊ နတ်မောက်၊ မင်းဘူးမြို့နယ်များအတွင်းရှိကျေးရွာများမှ နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို လာရောက်ရောင်းချကြကြောင်း သိရသည်။

မကွေး ကုန်စည်ဒိုင်၌ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၅၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၄၀၀ ခန့်၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၀၈၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၂၄၀ ခန့်၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ငွေကျပ် ၁၁၈၀၅၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၄၀၀ ခန့်၊ နှမ်းညိုကျားတစ်တင်းလျှင် ငွေကျပ် ၁၀၂၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၁၀၀ခန့်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ငွေကျပ် ၁၀၆၉၅၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၁၂၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ အောက်တိုဘာလ တတိယပတ်နှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလ နောက်ဆုံးပတ်တွင် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၃၁၅၀ နှင့် နှမ်းနက်(စမုံ) တစ်တင်းလျှင် ငွေကျပ် ၁၀၅၀ဖြင့် အသီးသီး ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ နှမ်းနီမှာ ငွေကျပ် ၁၉၅၀ ဈေးနှုန်းအနည်း ငယ်ကျဆင်းခဲ့ပြီး နှမ်းညိုကျားနှင့် နှမ်းနက်(ရိုးရိုး)မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ ပဲဈေး နှုန်းများအနေဖြင့် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၉၀၀၀နှုန်းဖြင့် တစ်ရက်လျှင်အိတ်ရေ ၄၀၀ ခန့်၊ ကုလားပဲ(HL) တစ်တင်းလျှင် ငွေကျပ် ၈၇၉၇၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၁၄၀ ခန့်၊ ကုလားပဲ(929)တစ်တင်းလျှင် ငွေကျပ် ၈၈၇၃၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၆၀ ခန့်၊ ပဲကြီးဖြူ တစ်တင်းလျှင် ငွေကျပ် ၁၀၆၉၇၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၁၀၀ခန့်၊ ပဲကြီးမည်း တစ်တင်းလျှင် ငွေကျပ် ၈၅၀၂၅ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၄၀ ခန့်၊ မတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၉၁၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ ၄၀ခန့်၊ မြေပဲဆန် (အနီမှဲ့စ) တစ်တင်းလျှင် ငွေကျပ် ၅၈၅၀၀ နှုန်းဖြင့် တစ်ရက်လျှင် အိတ်ရေ၄၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။ အောက်တိုဘာလ တတိယပတ်နှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလ စတုတ္ထပတ်တွင် ပဲတီစိမ်း၊ ကုလားပဲ(HL)၊ ကုလားပဲ(929)၊ ပဲကြီးဖြူ၊ ပဲကြီးမည်းတို့မှာ ဈေးနှုန်း တည်ငြိမ်လျက်ရှိပြီး မတ်ပဲမှာ ငွေကျပ် ၃၀၀၀ ဈေးနှုန်းမြင့်တက်ခဲ့၍ မြေပဲဆန်(အနီမှဲ့စ)မှာ ငွေကျပ် ၆၀၀၀ ဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ကြောင်း၊ နှမ်းတင်ပို့မှု အနေဖြင့် မကွေးမှ မန္တလေးသို့ နှမ်းအိတ် ၅၀၀၀နှင့် ရန်ကုန်သို့ နှမ်းအိတ် ၁၃၀၀ စုစုပေါင်း နှမ်းအိတ် ၆၃၀၀၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် မန္တလေးသို့ မြေပဲအိတ် ၁၀၀၀၊ ကုလားပဲအိတ် ၁၅၀၀၊ ပဲတီစိမ်းအိတ် ၁၀၀၀နှင့် ရန်ကုန်သို့ မြေပဲအိတ် ၁၀၀၀၊ ကုလားပဲ အိတ်၅၀၀၊ ပဲတီစိမ်းအိတ် ၁၀၀၀ စုစုပေါင်း အိတ် ၆၀၀၀ တင်ပို့ခဲ့ကြောင်း မကွေးကုန်စည်ဒိုင်မှ သိရသည်။

**DOCA (မကွေး)**

## မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၈၁၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၂၈ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၈၄၁ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁ ရက်မှ ၅ ရက် အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၁၄ တန်၊ ရွှံ့ကဏန်း (အရှင်) ၁၀ ဒသမ ၈ တန်၊ ဂျင်းခရု (အရှင်) ၇ ဒသမ ၆ တန်၊ ကဏန်း (အသေ) ၁၅ ဒသမ ၅ တန်၊ ရေခူဆားနယ် ၂၅ ဒသမ ၄ တန်၊ ကျောက်ပုစွန်(အရှင်) ၁ ဒသမ ၂၃ တန်၊ ၄က်ပျောသီး တန် ၅၀၊ ငရုတ်သီးစိမ်း ၁၅ ဒသမ ၈တန်၊ ကြက်သွန်နီ ၉၅ တန်၊ တံမြက်စည်း အခု ၁၆၈၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ငါးတန်၊ ကြွေပြား ၃၀၀ စတုရန်းမီတာ ဖြစ်သည်။ နိုဝင်ဘာ ၄ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၈၆ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၂ ဒသမ ၀၈ ခန့်ရှိကြောင်း သိရသည်။

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၃ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး တန် ၈၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၄၄ သန်း၊ ကြက်သွန်နီ တန် ၆၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၄၇ သန်း၊ ကြက်သွန်ဖြူ တန်၃၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၆၅ သန်း၊ လက်ဖက်ခြောက် ၃၃ ဒသမ ၆ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၀ သန်း၊ ဆေးရွက်ကြီး ၄၅တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၅၆ သန်းနှင့် ပလတ်စတစ်ဖြတ်စတန် ၅၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၃ သန်း အပါအဝင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၂၇၄ သန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန် တင်သွင်းမှုအနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဓာတ်ဆီ ဒေါ်လာ ၀ ဒသမ၂၀၈ သန်း၊ ဒီဇယ် ဒေါ်လာ ၀ ဒသမ ၉၈ သန်း၊ ဘိလပ်မြေ ဒေါ်လာ ၀ ဒသမ ၁၉၄ သန်း၊ တွင်းထွက် (သတ္တုမှ အပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၂၃ သန်း၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၀၃ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၄၇ သန်း၊ သုတ် ဆေး/ ပေါလစ်များ ဒေါ်လာ ၀ ဒသမ ၀၀၆ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၁၃ သန်း၊ သတ္တုကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၀၃ သန်း၊ မီးဖိုချောင်သုံးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၀၂ သန်း အပါအဝင် သွင်းကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၇၃၆ သန်း တင်သွင်းခဲ့သည်။ တစ်ပတ်အတွင်း ပျမ်းမျှငွေလဲနှုန်းအနေဖြင့် ငွေကျပ် တစ်သိန်းလျှင် ၁၁၁၅ ဘတ် ဖြစ်ပေါ်ခဲ့သည်။

**DOT (တာချီလိတ်)**

## ၆ – ၁၁ – ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | – | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၅၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၄၉၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လှိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၄၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၄၅၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၈၇၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၆၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | | ၁၈၅၀၀ | – | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၆၅၀ | ၇၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | | ၆၅၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ကျိုင်းတုံ၊ တောင်ကြီး၊ ဘားအံ၊ မြိတ်၊ ရန်ကုန်၊ ပုသိမ်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၃၀၀၊ စစ်တွေတွင် ငွေကျပ် ၁၁၀၀၊ မန္တလေးတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၀၊ ဘားအံတွင် ငွေကျပ် ၁၀၀၀၊ ထားဝယ်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ ပုသိမ်နှင့် မုံရွာတွင် ငွေကျပ် ၁၅၀၀၊ စစ်တွေတွင် ငွေကျပ် ၅၅၀၀၊ (ကြူကုတ်စ)တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ပဲခူးတွင် ငွေကျပ် ၃၀၀၀၊ ဘားအံ၊ ထားဝယ်၊ ရန်ကုန်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ မြိတ်တွင် ငွေကျပ် ၅၅၀၀၊ ပုသိမ်တွင် ငွေကျပ် ၃၅၀၀၊ စစ်တွေတွင် ငွေကျပ် ၆၀၀၀၊ မုံရွာတွင် ငွေကျပ် ၁၅၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၁၅၀၀၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ တောင်ကြီးနှင့် မုံရွာတွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၃၅၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ကုလားပဲဝါ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ စစ်တွေတွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၊ ဘားအံတွင် ငွေကျပ် ၇၀၀၊ ထားဝယ်တွင် ငွေကျပ် ၅၀၀၊ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတွင် ငွေကျပ် ၂၀၀၊ ပုသိမ်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၈၀၀၊ ဟားခါးတွင် ငွေကျပ် ၁၀၀၀၊ မုံရွာတွင် ငွေကျပ် ၄၀၀၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ ပုသိမ်တွင် ငွေကျပ် ၃၀၀၊ ကြက်သား တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၂၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ငွေကျပ် ၂၅၀၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ငွေကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ မုံရွာတွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၉၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၄၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၃၀၀၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀ ဈေးကျခဲ့ပါသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် ဟသ်ာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ချောင်းဝရွာရှိ Cyclone Shutter ၌အခြေပြု၍ အဆိုပါရွာနှင့် ပတ်ဝန်းကျင်ရွာများမှ ဒေသခံပြည်သူ ၁၁၂၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၉၂ ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၁ ဦး၊ မျက်စိရောဂါ ၂၂၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံ များသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

**ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး**

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့သည် ယနေ့တွင် ဟသ်ာတမြို့ရှိ လယ်တော် ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၀ အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ် ကုသပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားရောဂါ ၃၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာသုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**တာဝန်ရှိသူများ ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကာ လာရောက် ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နယ်လှည့်အထူးကု ဆေးအဖွဲ့အား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများ အပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်။



**အရှင် သုစိတ္တ**

ဒီမှာလာပြီးတော့ တပ်မတော် နယ်လှည့် ဆေးကုသရေးအဖွဲ့ လာရောက်ပြီး ဆေးကုသပေးတယ်ဆိုတော့ ဦးပဉ္ဇင်းလာရောက်ပြသတာပါ။ ဒူးတွေ၊ ခြေထောက်တွေ ရောင်တာပါ။ ပြရင်းကနေ နှလုံး EGC စွဲပါတယ်။ ဆရာဝန်တွေနဲ့ ပြသတဲ့အခါမှာ ဆေးသောက်ဖို့ ဆေးတွေပေးပါတယ်။ အခမဲ့ ကုသပေးတဲ့အခါမှာကြတော့ ဆင်းရဲတဲ့သူ၊ ချမ်းသာတဲ့သူ အကုန်လုံး လူတန်းစားမရွေး သက်ကြီးရွယ်အို ကလေးလူကြီး အကုန်လုံး လာရောက် ပြသနိုင်ပါတယ်။ တချို့ဆိုလည်း အခက်ခဲတွေရှိကြပါတယ်။ မျက်စိဆိုရင်လည်း မနေ့ကအဖွဲ့က ဒီနေ့အထိ မပြီးကြသေးဘူးလို့ ပြောပါတယ်။ မျက်စိဆိုတာလည်း သူတို့အနေနဲ့ အရင်ကတည်းက ပြချင်ပေမယ့် မပြနိုင်တာတွေရှိမှာပါ။ ရောဂါသူ့နေရာနဲ့သူ အစုံပြသလို့ရတဲ့အတွက် မရှိတဲ့ အများပြည်သူတွေအတွက် အင်မတန်မှ ကောင်းပါတယ်။ ကုန်ကျစရိတ်ခံပြီး ပြည်သူတွေအတွက် နိုင်ငံတော် အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်ချိုချိုမိုး(ပြည်ခရိုင်ကျေးရွာ)**

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ချောင်းဝကျေးရွာကို လာရောက်ပြီးတော့ ဆေးကုသပေးတာ သတင်းကြားလို့ ပြည်ခရိုင်ကျေးရွာကနေ လာပြီးတော့ မျက်စိပြသတာပါ။ မျက်စိမကောင်းဘဲ ဝါးတားတားနဲ့ နေခဲ့ရတာ ငယ်ငယ်ကတည်းက နှစ် ၂၀ ကျော်ပြီပေါ့နော်။ ဆေးကုသရအောင်လည်း ငွေရေးကြေးရေးက မတတ်နိုင်ဘူး။ အဲဒါကြောင့်မလို့ အခုဆိုရင် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက်ပြီးတော့ အခမဲ့ကုသပေးတဲ့အတွက် ကျွန်မရင်ထဲမှာ အလွန်ပဲဝမ်းသားကျေနပ်ရပါတယ်။ ပီတိဖြစ်ရပါတယ်။ ဆရာဝန်ကြီးတွေ စေတနာ၊ မေတ္တာထားပြီး ကုသပေးတဲ့အတွက် ဆရာဝန်ကြီးတွေအားလုံး၊ ပါရဂူတွေအားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ အခုလို စီစဉ်ပေးတဲ့ တပ်မတော်



ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်ရှင့်။ နောက်ကိုလည်း ခနခနလာပြီး အခမဲ့ဆေးကုသပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင့်။

**သတင်းစဉ်**



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) နယ်လှည့်အထူးကုဆေးအဖွဲ့ ဒေသခံများအား မျက်စိရောဂါ စမ်းသပ်ကုသပေးစဉ်။



တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)မှ နယ်လှည့် အထူးကု ဆေးအဖွဲ့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးစဉ်။

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

**(၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၅-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မကြာမီ ပြီးစီးတော့မည့် မြို့ရှောင်လမ်းကွန်ရက်များနှင့် ဖွံ့ဖြိုးလာမည့် ဒေသစီးပွား

**လူဦးရေထူထပ်သည့် ပဲခူးမြို့ပြကို ရှောင်ရှားပြီး အရှေ့မြို့ရှောင်လမ်းနှင့် အနောက်မြို့ရှောင်လမ်းနှစ်ခုကို လမ်းကွန်ရက်တစ်ခုအဖြစ် ချိတ်ဆက်ဖောက်လုပ်ပေးခြင်းဖြင့် ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်တို့ အဆင်ပြေပြေ ဖြတ်သန်းသွားလာနိုင်ရေးကို ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပဲခူးမြို့တွင်းသို့ နေ့စဉ်ခန့်မှန်း ယာဉ်အစီးရေ တစ်သောင်းကျော် စီးဝင်ပြီး ကုန်စည်သယ်ယူပို့ဆောင်သည့် ယာဉ်ကြီးများကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခြင်းကို ကျော်လွှားသွားနိုင်ရန်ဖြစ်သည်။**

ဗညားဦး

### မြို့ရှောင်လမ်းတွေကတစ်ဆင့် သွားလာနိုင်ပြီ

"အခု ဘဏ္ဍာနှစ်ကုန်ရင် ပဲခူးမြို့ရှောင်လမ်းကွန်ရက်က အရှေ့နဲ့အနောက် ချိတ်ဆက်မိသွားပြီး လမ်းအသုံးပြုသူတွေဟာ အဆင်ပြေပြေ အသုံးပြုနိုင်သွားပါပြီ။ အခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မတ်လမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ရာခိုင်နှုန်းပြည့် ပြီးစီးဖို့ ကျန်နေတဲ့ ၂၀ ရာခိုင်နှုန်းကို မတ်လနောက်ဆုံးထားပြီးစီးအောင် ဆောင်ရွက်ရမှာပါ။ ရာခိုင်နှုန်းပြည့် ပြီးစီးသွားတာနဲ့ ခရမ်း၊ သုံးခွဘက်ကလာတဲ့ ကုန်ကားတွေ၊ သီလဝါဘက်ကလာတဲ့ ကုန်ကားတွေအနေနဲ့ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်းကနေ ပဲခူးမြို့ထဲ ဖြတ်သွားစရာမလိုဘဲ မြို့ရှောင်လမ်းတွေကနေတစ်ဆင့် သွားလာနိုင်ပါပြီ" ဟု ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးတိုးက ပြောသည်။

ရန်ကုန်(သီလဝါ) ဆိပ်ကမ်းမှ ကုန်တင်ယာဉ်ကားကြီးများသည် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းမှတစ်ဆင့် အရှေ့မြို့ရှောင်လမ်းကို အသုံးပြုပြီး ပဲခူးမြို့တွင်းကို ရှောင်ကွင်းကာ ရန်ကုန်-မန္တလေးလမ်းဟောင်းသို့ လွယ်ကူချောမွေ့စွာ သွားရောက်နိုင်တော့မည်ဖြစ်သည်။

"ကျွန်မတို့မြို့က ရန်ကုန်နဲ့နီးတဲ့ မြို့ပြဖြစ်တဲ့အတွက် ယာဉ်သွားလာမှုကများတယ်။ ကုန်သယ်ကုန်ချ ကားတွေလည်း မြို့ထဲက ဖြတ်သန်းသွားရတဲ့အခါ ယာဉ်ကြောလည်း ကျပ်တယ်။ ယာဉ်မတော်တဆမှုလည်း ကြောက်ရတယ်။ ကားကြီးတွေ မြို့ထဲဝင်စရာမလိုဘဲ မြို့ရှောင်လမ်းကနေ မကြာခင်သွားလာနိုင်တော့မှာဆိုတော့ ကားမောင်းတဲ့သူတွေလည်း အဆင်ပြေတယ်။ မြို့ထဲနေတဲ့သူလည်း လမ်းသွားရတာ အဆင်ပြေတယ်။ မြို့ထဲမှာ ကားကြီးတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးတွေနဲ့ ရှုပ်ယှက်ခတ်နေတာ။ အမြဲသတိထားရတယ်" ဟု ပဲခူးမြို့မှ ဒေါ်မြင့်မြင့်မော်က ပြောသည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းစသည့် လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပြီး အရှေ့မြို့ရှောင်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ကာ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### လမ်းပိုင်းကို အပြီးဆောင်ရွက်သွားမှာဖြစ်

"အခု ဘဏ္ဍာနှစ်ကုန်ဖို့ ခြောက်လလောက်ဝန်းကျင် လိုသေးတယ်။ ဒီကာလအတွင်းမှာ ကျန်တဲ့လုပ်ငန်းအပိုင်းနှစ်ပိုင်းရှိတယ်။ အနောက်မြို့ရှောင်လမ်းနဲ့ ချိတ်ဆက်မိဖို့ ဆောင်ရွက်ဆဲဖြစ်နေတဲ့ အရှေ့မြို့ရှောင်လမ်းပိုင်းကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရမှာက တစ်ခုပါ။ နောက်တစ်ခုကတော့ အနောက်မြို့ရှောင်လမ်းကနေ အမြန်လမ်းပိုင်း လသာကုန်း Under Pass အထိ ရောက်ရှိမယ့် လမ်းပိုင်းကိုလည်း အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး(မြို့ပြ)က ရှင်းပြသည်။



ပဲခူးအရှေ့မြို့ရှောင်လမ်း သမိန်ဗရမ်း-ဆံတော်တွင်းအပိုင်း နှစ်မိုင် လေးဖာလုံ၊ ဆံတော်တွင်း - သနပ်ပင်အပိုင်း နှစ်မိုင် နှစ်ဖာလုံ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး။

တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ပဲခူးအရှေ့ မြို့ရှောင်လမ်းဆောင်ရွက်ရာတွင် သမိန်းဗရမ်း-ဆံတော်တွင်းအပိုင်း နှစ်မိုင်လေးဖာလုံ၊ ဆံတော်တွင်း - သနပ်ပင်အပိုင်း နှစ်မိုင် နှစ်ဖာလုံ၊ သနပ်ပင် - ကလိအပိုင်းခြောက်မိုင်ဟူ၍ အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သမိန်းဗရမ်း - ဆံတော်တွင်းအပိုင်းနှင့် ဆံတော်တွင်း-သနပ်ပင် အပိုင်းတို့သည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျန်နေတဲ့ သနပ်ပင် - ကလိအပိုင်းက အခု ဘဏ္ဍာနှစ်မှာ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ လမ်းလုပ်ငန်းက မိုးတွင်းဆိုရင် တည်ဆောက်ရေးအတွက် အကြိုပြင်ဆင်မှုတွေ ဆောင်ရွက်ထားရပါတယ်။ ပွင့်လင်းရာသီကာလ ခြောက်လလောက်အတွင်းမှာ အင်နဲ့အားနဲ့လုပ်ရပါတယ်။ အခု ဘဏ္ဍာနှစ် ကျန်နေတာက ခြောက်လကာလပါ။ ဒီခြောက်လ ပွင့်လင်းရာသီကာလလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့် ခြောက်လအတွင်း အင်တိုက်အားတိုက်လုပ်ပြီး ဘဏ္ဍာနှစ်ကုန် မတ်လအမီ ပြီးရမှာပါ။ ခြောက်လအတွင်းလုပ်ဖို့ ကျန်နေတဲ့ လမ်းမိုင်အနေနဲ့က နှစ်မိုင်ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး(မြို့ပြ)က ပြောသည်။

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်၌ ပဲခူးမြို့ရှောင်လမ်း လမ်းကွန်ရက်များ ရာနှုန်းပြည့် ပြီးစီးသွားပါက လမ်းအသုံးသူများအနေဖြင့် ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည့်အပြင် မြို့ရှောင်လမ်းနှင့် ဆက်စပ်နေသည့် ကျေးရွာ ခုနစ်ရွာမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုလာတော့မည်ဖြစ်သည်။

"ဒီတိုင်းဒေသကြီးအတွက် ပဲခူးမြို့ရှောင်လမ်းပိုင်းတွေက အရေးပါတဲ့ လမ်းပိုင်းတွေလို့ ပြောလို့ရပါတယ်။ ပဲခူးတိုင်းဒေသကြီးက စိုက်ပျိုးရေးဆိုရင် စပါးကစပြီး ငရုတ်၊ ကြက်သွန်အထိ အကုန်ထွက်တယ်။ စက်မှုလုပ်ငန်းလည်း ထွန်းကားတယ်။ ရေထွက်ကုန်လည်း ထွက်ရှိတယ်။ အခုလို မြို့ရှောင်လမ်းကို ဆောင်ရွက်လိုက်တဲ့အတွက် ဒီလမ်းနဲ့ ဆက်စပ်ပြီး ကျွန်တော်တို့ရွာတွေ အဆင်ပြေလာတယ်။ သီးနှံရောင်းချင်တာဖြစ်ဖြစ်၊ ပညာရေး၊ ကျန်းမာရေးပဲဖြစ်ဖြစ် အားလုံးပိုကောင်းတာပေ့ါ" ဟု ကမာနတ်ကျေးရွာမှ ဦးမြင့်စိုးက ပြောသည်။

### လမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် လမ်းပိုင်းကို အကောင်အထည်ဖော်လျက်ရှိ

တည်ရှိပြီးဖြစ်သည့် ပဲခူးအနောက် မြို့ရှောင်လမ်းမိုင်တိုင်အမှတ် ငါးမိုင် ခုနစ်ဖာလုံမှ ရန်ကုန်-မန္တလေးအမြန် လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၂ မိုင် ၆ ဖာလုံအနီး လသာကုန်း Under Pass မှတစ်ဆင့် ချိတ်ဆက်သွားမည့်လမ်းပိုင်းကို တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

"အခိုကတော့ ပဲခူးကနေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနဲ့ တိုက်ရိုက်ချိတ်ဆက်တဲ့ လမ်းမရှိသေးဘူး။ အမြန်လမ်းကနေ ဘုရားကြီးလမ်းဆုံ၊ ရန်ကုန် - မန္တလေးလမ်းဟောင်းကနေမှ ပဲခူးမြို့ကို လာရတာဖြစ်တယ်။ ဒါကြောင့်မို့ ပဲခူးမြို့တွင်းကနေ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးကို ပြည်သူတွေ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်စေဖို့လည်း ရည်ရွယ်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ပြောကြားသည်။

### အပိုင်းနှစ်ပိုင်းပါဝင်

တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ပဲခူးမြို့တွင်းမှ ရန်ကုန် - မန္တလေး အမြန်လမ်းပေါ်သို့ တိုက်ရိုက်ဆက်သွယ်နိုင်သောလမ်းကို အကောင်အထည်ဖော်ရာတွင် ပဲခူးမြစ်ကူးတံတားတစ်စင်းနှင့် မီးရထားခုံးကျော်တံတားတစ်စင်း ထည့်သွင်းတည်ဆောက်မည့် မြို့တွင်းကျောက်တွင်းကုန်းလမ်းဆုံမှ ပဲခူးအနောက်မြို့ရှောင်လမ်း နှစ်မိုင် ခုနစ်ဖာလုံအပိုင်းနှင့် အနောက်မြို့ရှောင်လမ်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်သို့ ချိတ်ဆက်မည့် လမ်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။

"ဒီဘဏ္ဍာနှစ်မှာ အနောက်မြို့ရှောင်လမ်းနဲ့ အမြန်လမ်းနဲ့ ချိတ်တဲ့အပိုင်းကလည်း ရာခိုင်နှုန်းပြည့် ပြီးစီးရမှာပါ။ အနောက်မြို့ရှောင်လမ်းကနေ သွားရင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၂/၆-၇) လသာကုန်း Under Pass ကို ရောက်ရှိသွားမှာပါ။ ဒီလမ်းပိုင်းက ရှစ်မိုင် တစ်ဖာလုံ အရှည်ရှိပါတယ်။ အခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရှစ်မိုင်တစ်ဖာလုံကို ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပဲခူးမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

### လုပ်ငန်းများစတင် အကောင်အထည်ဖော်

ပဲခူးအနောက်မြို့ရှောင်လမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်း ၃၂ မိုင် ၆ ဖာလုံနှင့် ၃၂ မိုင် ၇ ဖာလုံအကြားသို့ ဆက်သွယ်သည့် လမ်းပိုင်းအရှည် ရှစ်မိုင် တစ်ဖာလုံကို ၂၀၂၀-၂၀၂၁ ခုနှစ် (ခြောက်လဘဏ္ဍာနှစ်)တွင် မြေယာလျော်ကြေးငွေများပေး၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်၌ လမ်းပိုင်းအရှည် ရှစ်မိုင်တစ်ဖာလုံကို မြေသားတာပေါင် တည်ဆောက်ခြင်း၊ ကျောက်ဖြင့် ထု-အခြေခံလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၇ သို့

❖ **တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ပဲခူးမြို့တွင်းမှ ရန်ကုန် - မန္တလေး အမြန်လမ်းပေါ်သို့ တိုက်ရိုက်ဆက်သွယ်နိုင်သောလမ်းကို အကောင်အထည်ဖော်ရာတွင် ပဲခူးမြစ်ကူးတံတားတစ်စင်းနှင့် မီးရထားခုံးကျော်တံတားတစ်စင်း ထည့်သွင်းတည်ဆောက်မည့် မြို့တွင်းကျောက်တွင်းကုန်းလမ်းဆုံမှ ပဲခူးအနောက်မြို့ရှောင်လမ်း နှစ်မိုင် ခုနစ်ဖာလုံအပိုင်းနှင့် အနောက်မြို့ရှောင်လမ်းမှ ရန်ကုန် - မန္တလေးအမြန်လမ်းပေါ်သို့ ချိတ်ဆက်မည့် လမ်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်**



ပဲခူးအနောက်မြို့ရှောင်လမ်းမှ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၂/၆-၇) လသာကုန်း Under Pass ကို ဆက်သွယ်ပေးမည့် လမ်းအရှည် ရှစ်မိုင် တစ်ဖာလုံအား ၂၄ ပေအကျယ် ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု။

## ခရီးသွားပြည်သူများအဆင်ပြေစေရန် မြိတ်-ရန်ကုန် အမြန်ရေယာဉ်များပြန်လည်ပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေ

မြိတ် နိုဝင်ဘာ ၆

ခရီးသွားပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန် ရည်ရွယ်၍ မြိတ် – ရန်ကုန်အမြန်ရေယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကသင်္ဘောလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ယခုလက်ရှိအချိန်တွင် လေယာဉ်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ လေယာဉ်လက်မှတ်ဝယ်ယူရန် ခက်ခဲလာခြင်းတို့ကြောင့် အများပြည်သူခရီးသွားလာရေး အဆင်ပြေစေရန် ရည်ရွယ်၍ ကမ်းရိုးတန်းသွား ခရီးသည်တင်အမြန်ရေယာဉ်များကို ပြန်လည်ပြေးဆွဲရန် ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်ကြောင်း သိရသည်။ "အမြန်ရေယာဉ်ကို မြိတ်ကနေ နံနက် ၆ နာရီက ထွက်ခွာရင် ရန်ကုန်ကို ညနေ ၅နာရီ ရောက်ပါမယ်။ နေ့ချင်းရောက် ခရီးစဉ်တစ်ခုပါ၊ ရန်ကုန်ကနေ နောက်တစ်နေ့ပြန်လည်ထွက်ခွာရင် မြိတ်ကို ညနေပိုင်းရောက်ပါလိမ့်မယ်။အမြန်ရေယာဉ်မှာ အနည်းဆုံးခရီးသည် ၃၀၀ လိုက်ပါရင် ကျွန်တော်တို့အတွက် အကျိုးအမြတ် အင်မတန်နည်းပါးပါတယ်။ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ဝန်ထမ်းစားစရိတ်တွေ ရှိပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ အကျိုးအမြတ်ထက် ခရီးသည်တွေအဆင်ပြေစေဖို့ ရည်ရွယ်တာပါ" ဟု ဦးဇော်ထွန်းက ပြောသည်။



ကမ်းရိုးတန်းသွားအမြန်ရေယာဉ်များ မြိတ်ဆိပ်ကမ်း၌ ရပ်နားထားစဉ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ခရီးသည်တင် အမြန်ရေယာဉ်ပြေးဆွဲပါက ကြာချိန် ၁၁ နာရီကျော်ရှိမည်ဖြစ်ပြီး နေ့ချင်းရောက်ခရီးစဉ်တစ်ခုဖြစ်သောကြောင့် ခရီးသွားပြည်သူများအတွက် အဆင်ပြေ လုံခြုံစိတ်အေးချမ်းသာစွာသွားလာနိုင်မည်ဖြစ်ကြောင်းနှင့် မြိတ် – ကော့သောင်း ခရီးစဉ်ကိုပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"လေကြောင်းလိုင်းကနေ ခရီးသွားတွေများတဲ့အတွက် လက်မှတ်ဝယ်ယူရတာ အတော်ခက်ခဲပါတယ်။ မြိတ်-ရန်ကုန် ခရီးစဉ်က ရက် ၂၀ လောက်ကြိုတင် ဝယ်ယူပါမှ လက်မှတ်ရတာပါ။ လက်မှတ် ဈေးနှုန်းတွေကလည်း မြင့်လာတာကြောင့် အခြေခံလူတန်းစားတွေ အဆင်မပြေတော့ဘူး။ ကားလမ်းခရီးတွေကလည်း မလုံခြုံတော့ မသွားရဲ မလာရဲဖြစ်နေကြတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ကော့သောင်း– မြိတ်ခရီးစဉ်ဆိုရင် တစ်ပတ်မှ တစ်ကြိမ်သာရှိပါတယ်။ အမြန်ရေယာဉ်ပြေးဆွဲမယ်ဆိုရင် နေ့ချင်းရောက် ခရီးစဉ်ဖြစ်တဲ့အတွက် အဆင်ပြေပါလိမ့်မယ်" ဟု မြိတ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

မြိတ်-ရန်ကုန်ခရီးသည်တင် အမြန်ရေယာဉ်ကို လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ပြေးဆွဲခဲ့ပြီး ပြန်လည်ရပ်နားခဲ့ကာ ယခုပွင့်လင်းရာသီတွင် ခရီးသည်တင်အမြန်ရေယာဉ်ပြည်သူများ သွားရေးလာရေး အဆင်ပြေစေရန်အတွက် ပြန်လည်ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်နေကြောင်းနှင့် ယခုလက်ရှိတွင် လေယာဉ်လက်မှတ်ဈေးနှုန်းများမှာ ကော့သောင်း– ရန်ကုန် ငွေကျပ် ၄၄၈၀၀၀၊ မြိတ် – ကော့သောင်း ငွေကျပ် ၁၉၀၀၀၀၊ မြိတ်– ရန်ကုန် ငွေကျပ် ၂၇၈၀၀၀ ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ကျေးလက်နေပြည်သူများအတွက် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီး

မိုင်းလား နိုဝင်ဘာ ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ဟုတ်(ထက်) ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ် ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၆ ရက်က တာဝန်ရှိသူများ စစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မိုင်းလားမြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ပန်ဟုတ်(ထက်) ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် ၊အကျယ် ၁၂ ပေ၊ထု ကိုးလက်မရှိ မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပန်ဟုတ်(ထက်)ကျေးရွာတွင် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၉၂ သိန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လဒုတိယမှစတင်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အဆိုပါ ကျေးရွာရှိ လယ်ယာဧကများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

မောင်ခိုင်



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၃)ကို နိုဝင်ဘာ ၆ ရက်က ဖွင့်လှစ်သည်။




သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့် သိသင့်သိထိုက်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မီးသတ်ပညာရပ်များ၊ ကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို အခြေခံမှစ၍ သင်ကြားပေးမည်ဖြစ်၍ သင်တန်းပြီးမြောက်သည်အထိ လေ့လာဆည်းပူးသင်ယူကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် လက်တွဲ၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်ဇော်က သင်တန်းသား ဝတ်စုံများပေးအပ်ကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် နည်းပြငါးဦးက သင်တန်းသား ၅၀ အား နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်မြင့်ရီ(ပြန်/ဆက်)

## လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်

လှိုင်းဘွဲ့ နိုဝင်ဘာ ၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကော့နွဲ့ကျေးရွာအုပ်စု ကဇိုင်းကျေးရွာ၌ ပြည်ထောင်စု(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကဇိုင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၄၄ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

*စာမျက်နှာ ၁၆ မှ*

ပဲခူးအနောက် မြို့ရှောင်လမ်းမှ ရန်ကုန်-မန္တလေး အမြန်ပေါ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် လမ်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် လမ်းပိုင်းပေါ်ရှိ မရမ်းကြောကျေးရွာ၊ ကသဲအင်းကျေးရွာ၊ စစ်ပင်ထိပ်ကျေးရွာ၊ လေးအိမ်စုကျေးရွာ၊ မဲစုန်ကျေးရွာနှင့် လသာကုန်းကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူပြုမည် ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့နှင့် ထိစပ်နေသည်။

### လမ်းကွန်ရက်ဆုံချက်သည် ဘုရားကြီး လမ်းဆုံတွင်တည်ရှိ

ထိုသို့ ထိစပ်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ချိတ်ဆက်သွားလာနိုင်သည့် ပဲခူးတိုင်းဒေသကြီး၏ လမ်းကွန်ရက်ဆုံချက်သည် ဘုရားကြီးလမ်းဆုံတွင် တည်ရှိသည်။ ဘုရားကြီး လမ်းဆုံအရှေ့ဘက် ရန်ကုန်-မော်လမြိုင်-မြိတ်လမ်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးသို့လည်းကောင်း၊ ဘုရားကြီးလမ်းဆုံ အနောက်ဘက်မှ ရန်ကုန် – မန္တလေး (အမြန်လမ်း) သို့လည်းကောင်း၊ မြောက်ဘက်မှ နေပြည်တော်နှင့်မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည်။

"ဒီဘုရားကြီးလမ်းဆုံကနေ ကလိလမ်းဆုံရောက်တဲ့အခါ အရှေ့မြို့ရှောင်လမ်းမှတစ်ဆင့် ပဲခူးမြို့ထဲကို မဝင်ဘဲ သနပ်ပင်လမ်းပေါ်ကနေ သီလဝါဆိပ်ကမ်းအထိ သွားနိုင်အောင်ပါ။ ဒီလိုပဲ သီလဝါဆိပ်ကမ်းကနေလာတဲ့ ကားတွေဟာလည်း ပဲခူးမြို့တွင်းကို မဝင်ဘဲ အရှေ့မြို့ရှောင်လမ်းကို ပတ်ပြီးတော့ ဘုရားကြီးလမ်းဆုံကနေ သွားနိုင်အောင်ပါ။ နောက်တစ်ခုက သနပ်ပင်လမ်းကနေ အနောက်မြို့ရှောင်လမ်းနဲ့ ချိတ်ဆက်ပြီး အမြန်လမ်းလည်း သုံးနိုင်အောင်ပါ" ဟု ညွှန်ကြားရေးမှူး (မြို့ပြ)က ရှင်းပြသည်။

အချုပ်အားဖြင့် ဆိုရလျှင် လူဦးရေ ၄ ဒသမ ၈ သန်းကျော် မှီတင်းနေထိုင်သော လူဦးရေ ထူထပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးမှုအတွက် လမ်းကွန်ရက်များ အဆင်ပြေချောမွေ့ခြင်းသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ သို့အတွက် ဒေသတွင်း လမ်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ မကြာမီကာလအတွင်း ပြီးစီးတော့မည့် ပဲခူးမြို့ရှောင်လမ်းများသည်လည်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည့် လမ်းကွန်ရက်များ ဖြစ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# တစ်နိုင်တစ်ပိုင် စီးပွားဖြစ်ဆောင်ရွက်နေသည့် စူပါဝမ်းနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း

ဖြိုးလေး၊ ငှရွှေဝါ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်၏ စီးပွားရေးဦးတည်ချက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူသည့်အချက် ပါဝင်ပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား ၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိပါသည်။**

ထိုသို့ အားပေးမှုကြောင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအသီးသီးတွင် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ရှိ "စူပါဝမ်း" နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည်လည်း အထိုက်အလျောက် အောင်မြင်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မိသားစု စားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးအဖြစ် စတင်လုပ်ကိုင်ခဲ့ရာမှ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သော ယင်းလုပ်ငန်းတွင် နွားနို့အစိမ်းမှတစ်ဆင့် အသင့်သောက်သုံးရန် နွားနို့၊ မလိုင်၊ နို့ချဉ်(ဒိန်ချဉ်)နှင့် ထောပတ်ပြုလုပ်ခြင်း၊ နို့ဆီချက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စူပါဝမ်း နွားမွေးမြူခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး မေထုန်မဲ့သားစပ်နည်းဖြင့် ပေါက်ပွားလာသော နွားများ၊ စစ်ကိုင်းနှင့် မန္တလေးမြို့များမှ နွားမျိုးကောင်းမျိုးသန့်များ ဝယ်ယူဆောင်ရွက်ခဲ့ကြောင်း၊ မျိုးကောင်းမျိုးသန့်နွားများ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းရှင် ဦးစိုးငြိမ်းက ရှင်းပြသည်။

**နို့စားနွားများကို စနစ်တကျ မွေးမြူလျက်ရှိ**

လက်ရှိတွင် နွားများကို တိုးချဲ့မွေးမြူလျက်ရှိပြီး နို့စားနွားမတစ်ကောင်၏ နို့ထွက်နှုန်းမှာ သုံးပိဿာမှ ၁၃ ပိဿာအထိ ရရှိနိုင်ကြောင်း သိရသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့ညှစ်၍ နို့ရရှိပြီး နွားမတစ်ကောင်အနေဖြင့် သက်တမ်းပြည့် ၁၈ လမှ သားစပ်နိုင်သည့် သုံးနှစ်တွင် နွားများပေါက်ပွားပြီးသည်နှင့် နွားနို့စတင်ထုတ်လုပ်၍ရကြောင်း သိရသည်။ မျိုးမြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဖြစ်၍ ရာသီဥတု၊ ရောဂါဒဏ် စသည်တို့ကို ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ပြီး အစာအာဟာရအနေဖြင့် ဖွဲနု၊ ဆန်ကွဲ၊ ပြောင်း၊ ကောက်ရိုး၊ မြက် စသည်တို့အပြင် ပဲဖတ်၊ နှမ်းဖတ်၊ ကုလားပဲ(အဖြုန်း)တို့ကို စနစ်တကျကျွေး၍ မွေးမြူလျက်ရှိကြောင်း ပိုင်ရှင်က ဆက်လက်ရှင်းပြသည်။ ထို့အပြင် နေပီယာမြက်၊ ပြောင်း အစရှိသည်များကို မြေတစ်ဧကတွင် စိုက်ပျိုးထားကာ ရာသီမရွေးကျွေးနိုင်အောင် အစာစိမ်းကို



> **နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှာ ဝါသနာကိုအခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အခြားနွားမွေးသူများနှင့်ပေါင်းစပ်ကာ နည်းစနစ်များ ဖြန့်ဝေခြင်း၊ ဖလှယ်ခြင်းများ ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း၊ မြစ်ကြီးနားမြို့တွင် နွားမွေးမြူသူများ စုဖွဲ့ပြီး ဒေသနှင့်ကိုက်ညီသော နို့စားနွားများကို ပိုမိုမွေးမြူလုပ်ကိုင်ခြင်းဖြင့် အခြားဒေသမှဝယ်ယူရခြင်းကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် မိမိတို့ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်**

ထုတ်လုပ်လျက်ရှိကြောင်းလည်း သိရသည်။

စူပါဝမ်းအနေဖြင့် မြစ်ကြီးနားမြို့တွင် နို့စားနွားနှင့် အသားစားနွား စုစုပေါင်း ကောင်ရေ ၁၀၀ နီးပါး မွေးမြူနိုင်ပြီဖြစ်ကြောင်း၊ နို့စားနွားများမှ နို့ထွက်ပစ္စည်းများထုတ်လုပ်ရာတွင် မိမိခြံမှထွက်ရှိသော နွားနို့များကိုသာ ထုတ်လုပ်ရောင်းချကြောင်း၊ တစ်ရက်ပျမ်းမျှ နွားကောင်ရေ ၃၀ မှ နွားနို့ ပိဿာ ၁၀၀ ခန့်ရရှိပြီး ထိုနွားနို့မှတစ်ဆင့် နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

စူပါဝမ်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ရောင်းဝယ်ရေးမှ ထုတ်လုပ်သော နို့နှင့် နို့ထွက်ပစ္စည်းများမှာ နို့၊ နို့ဆီ၊ ဒိန်ချဉ်၊ နို့ခဲတို့ ဖြစ်သည်။ ဒိန်ချဉ်တစ်ဘူးလျှင် ထုတ်လုပ်မှု ကုန်ကျစရိတ်ငွေကျပ် ၈၅၀ ခန့် ကုန်ကျပြီး ပြန်လည်ရောင်းချသူများသို့ ငွေကျပ် ၉၀၀ နှုန်းဖြင့် ရောင်းချပေးရာတစ်ဘူးလျှင် အမြတ်ငွေကျပ် ၅၀ ကျပ်ခန့်သာ ရရှိသော်လည်း မိမိခြံမှထွက်ရှိသောနို့ကို ထုတ်ကုန်အဖြစ် ပြုလုပ်ရောင်းချခြင်းဖြစ်သည့်အတွက် အမြတ်အစွန်း အနည်းငယ်သာ ရယူခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် တစ်ရက်လျှင် နို့ချဉ်ဘူး ၅၀၀ မှ ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်း၊ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သော်လည်း ပြင်ပအလုပ်သမား ၁၀ ဦးခန့်ကို နေ့စဉ်အလုပ်ပေးနိုင်ကြောင်း သိရသည်။ အလုပ်သမားများကို တစ်လလျှင် အနိမ့်ဆုံးလစာငွေကျပ် ၁၅၀၀၀၀ မှ အမြင့်ဆုံးကျပ် ၃၀၀၀၀၀ အထိ ပေးလျက်ရှိသည်။ ရောင်းချရမှုအနေဖြင့် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားမြို့မှ အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ အထူးသဖြင့် ဖားကန့်၊ တနိုင်း၊ နန့်ယား စသည့်မြို့များမှ အများဆုံးရောင်းချရကြောင်း သိရသည်။

**နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေး**

နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ကချင်ပြည်နယ်အတွင်း ထုတ်ချေးပေးရာတွင် စူပါဝမ်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ရောင်းဝယ်ရေးအသင်း လီမိတက်အနေဖြင့် ချေးငွေကျပ်သိန်း ၅၀၀ ကို ရယူခဲ့ပြီးနောက် လုပ်ငန်းတိုးချဲ့မှုများဆောင်ရွက်ခဲ့ရာ ဒိန်ချဉ်လုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်သည့် ပါဝင်ပစ္စည်းများကို ဝယ်ယူခြင်း၊ ထောပတ်ထုတ်လုပ်နိုင်သည့်စက်ကို ဝယ်ယူနိုင်ခြင်းနှင့် နို့စာနွားများ၏ အစာများကိုလည်း ဝယ်ယူစုဆောင်းထားနိုင်ခြင်းတို့ကြောင့် လုပ်ငန်းအဆက်မပြတ် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခင်က လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် နွားကောင်ရေလျှော့၍ ဆောင်ရွက်ရမည့်အခြေအနေမှ ယခုကဲ့သို့ နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့သည့်အတွက် လုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရန် ပိုမိုအားဖြည့်ဆောင်ရွက်လာနိုင်သဖြင့် တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း လုပ်ငန်းရှင်က ပြောသည်။

အဆိုပါ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှာ ဝါသနာကိုအခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အခြားနွားမွေးသူများနှင့်ပေါင်းစပ်ကာ နည်းစနစ်များ ဖြန့်ဝေခြင်း၊ ဖလှယ်ခြင်းများ ဆောင်ရွက်သွားရန် အစီအစဉ်များရှိကြောင်း၊ မြစ်ကြီးနားမြို့တွင် နွားမွေးမြူသူများ စုဖွဲ့ပြီး ဒေသနှင့်ကိုက်ညီသော နို့စားနွားများကို ပိုမိုမွေးမြူလုပ်ကိုင်ခြင်းဖြင့် အခြားဒေသမှဝယ်ယူရခြင်းကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် မိမိတို့ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းလည်း လုပ်ငန်းရှင်က ရှင်းပြသည်။

လူသားတို့၏ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်မြင့်မားတိုးတက်ရေးတို့အတွက် အာဟာရတန်ဖိုးမြင့်မားသော နို့နှင့် နို့ထွက်ပစ္စည်းများကို ပိုမိုစားသုံးလာကြသဖြင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းကဏ္ဍသည်လည်း နိုင်ငံဖွံ့ဖြိုးရေးတွင် အရေးပါသည့်အခန်းမှ ပါဝင်လာလျက်ရှိရာ ခေတ်မီနည်းပညာများဖြင့် အရည်အသွေးကောင်းမွန်သော နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် မြစ်ကြီးနားမြို့မှ စူပါဝမ်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



အသင့်စားသုံးရန် ထုတ်လုပ်သော နို့ဆီဘူးများ။



နို့ထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ။

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ်မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဦးမြင့်စိုး(မြင့်စိုး-နတလ)က အလှူငွေကျပ်ငါးသိန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခန့်စည်သူက ငွေကျပ်သုံးသိန်း၊ ဦးစန်းလွင် (ကပ္ပိယစန်းလွင်)မိသားစု၊ ဦးစောငွေ(မောင်ငွေအိုး)မိသားစု၊ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက်-ဆေး၁)၊ စာရေးဆရာ ရဲမင်းစိုး (မိသားစု)၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ် (မိသားစု)၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်း၊ ဖျာပုံမြို့နယ် စာရေးဆရာအသင်းနှင့် ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ကျွန်းစဉ်မြေစောခက်က ငွေကျပ်ခုနစ်သောင်း၊ ဒေါက်တာအေးကို (ဥက္ကဋ္ဌ၊ တောင်ဥက္ကလာပစေတီဂေါပကအဖွဲ့)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၊ ကော့မှူးမြို့နယ် စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးစိုးမြင့် (စိုးမြင့်-စက်မှုတက္ကသိုလ်) မိတ္ထီလာမြို့နယ်၊ ဦးဇော်ဌေး (ယဉ်ကျေးမှု)၊ ချစ်စုအောင်(ကဗျာဆရာ)၊ စာရေးဆရာမ သက်ဦးခင်၊ ဒေါ်တင်တင်ခိုင် (ခိုင်ပန်းဝေ-လက်ပန်လှ) ပြင်ဦးလွင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ ဦးစံရှိန်(ဆရာကြီးရှိန်) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်က ငွေကျပ် နှစ်သောင်း၊ သုခမရင်ပြင် စာပေမိသားစုက ငွေကျပ် ၁၅၀၀၀ိ/-၊ ဦးဇော်လင်းဦး (ဇော်လင်းဦး-အောင်စံ) အောင်မြေသာစံမြို့နယ်က ငွေကျပ်တစ်သောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်) တို့က လက်ခံရယူပြီး **(အပေါ်ပုံ)**ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မုံရွာမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးဆောင်ပြီး တိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာပြီး မိမိတို့ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သော အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးစီမံကိန်းအရ ဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန် (Bakery အမျိုးမျိုး)ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အဆိုပါရုံးရှိ Incubation Centre သင်တန်းခန်းမ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက သင်တန်းသားသင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချမည့် ဘာသာရပ်မျိုးစုံကို လေ့လာသင်ယူကြပြီးဖြစ်၍ ပြည်သူများအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သင်တန်းဆင်းလက်မှတ်များနှင့် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှူးက သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ သင်တန်းကို မုံရွာမြို့ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဇုန် ရွာတုံကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြ ဆရာ ဆရာမများက စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ ၂၀ ကို သင်တန်းကာလတစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းများတွင် ထူးချွန်သင်တန်းသားငါးဦးရွေးချယ်၍ လိုအပ်သောစက်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးကာ ကုန်ထုတ်လုပ်ငန်းရှင်များ ဖြစ်လာသည်အထိ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များ၌ ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်း၊ အသေးစား အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်း၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး ဆောင်ရွက်မည့်လုပ်ငန်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ဆောင်ရွက်မည့်လုပ်ငန်း စသည်ဖြင့် စီမံကိန်းကိုးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**မြဝတီ နိုဝင်ဘာ ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ညွှန်ကြားမှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြဝတီ(ရုံးခွဲ)နှင့် ဟိုတယ်လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုတို့ဖြင့် နိုဝင်ဘာ ၆ ရက်က ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြဝတီမြို့ City Home ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အမှာစကားပြောကြားပေးပြီး ခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အနာဂတ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ချပေးသည့်ဘာသာရပ်အပေါ် သင်တန်းသားသင်တန်းသူများအနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဧည့်ကြိုဝန်ဆောင်မှု၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး ဘာသာရပ်များကို သင်တန်းနည်းပြ နှစ်ဦးတို့က သင်တန်းသား သင်တန်းသူ ၁၀၀ တို့အား နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တပတ် လေးပတ်အတွင်း Gold Earth Hotel နှင့် Vantage Hotel တို့၌ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၉၆ | ၅၁၈၃၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၂၅၈၅ | ၇၅၉၉၉၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၄၆ | ၂၄၈၂၀၀ |
| TMH | ၂၄၅၀ | ၂၅၅၀ | ၁၈ | ၄၄၂၀၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၈၆၃ | ၁၇၇၅၁၅၀ |
| AHPC | ၄၇၀၀ | ၄၉၀၀ | ၁၂ | ၅၇၄၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၂၀၁ | ၃၅၁၈၀၀ |

ညီညီ - စုစည်းသည်

**ယနေ့ဈေးကွက်ပေါက်ဈေးများ**

၆ - ၁၁ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ပထမအကြိမ်ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား ပထမအကြိမ် အဆင့်မြင့်အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၅ ရက်က ကုသိုလ်တော် ဘုရားဝင်းအတွင်းရှိ ပိုက်ကျော်ခြင်း အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ တစ်ဦးချင်းပိုက်ကျော်ခြင်း ဗိုလ်လုပွဲ ပြိုင်ပွဲတွင် ဘောလေးက ပထမ၊ ကပ်ဘီလူးက ဒုတိယရရှိခဲ့ပြီး ကျောက်ကျောနှင့် ဒေါင့်ကဲတို့က ပူးတွဲတတိယ ရရှိကြသည်။ ဆက်လက်၍ ပိုက်ကျော်ခြင်းလေးယောက်တွဲ ဗိုလ်လုပွဲပြိုင်ပွဲတွင် လိပ် ၃ ကောင်အသင်းကပထမ၊ ခေတ်ကျောင်းသားကလပ်အသင်းက ဒုတိယ၊ ဆယ်တဲဗိုလ်အသင်းနှင့် ဇော်ယူနိုက်တက်အသင်းတို့က ပူးတွဲတတိယရရှိကြသည်။ ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပူးတွဲတတိယဆု ရရှိသည့်အသင်းများနှင့် တစ်ဦးချင်း ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဆု၊ ပထမဆုရရှိသူများကို ရွှေခြင်းလုံးနှင့် ရွှေဘော်လီဘော ခန်းမပိုင်ရှင် ဦးရဲသီဟနှင့် တာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက လေးယောက်တွဲပြိုင်ပွဲတွင် ပထမဗိုလ်စွဲသည့် လိပ် ၃ ကောင်အသင်းအား ဆုငွေကျပ်သိန်း ၃၀၊ ဆုတံဆိပ်များနှင့် ပထမတံခွန်စိုက် ဆုဖလားတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင် - မန္တလေး**





## ငါးသိုင်းချောင်းမြို့ တောင်ဝေ့တောက်ကျေးရွာ၌ ဝေန်မြစ်ရေတိုက်စား ကမ်းပြိုမှုကြောင့် ရွာလမ်းပျက်စီး

**ငါးသိုင်းချောင်း နိုဝင်ဘာ ၆**

ငါးသိုင်းချောင်းမြို့ သရက်ချောင်းကျေးရွာအုပ်စု တောင်ဝေ့တောက်ကျေးရွာ၌ ယမန်နေ့က ဝေန်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ပွားမှုတွင် ဦးအောင်မြင့်ထွေးနှင့် ဦးစန်းလွင် နေအိမ်ရှေ့ရှိ တောင်ဝေ့တောက်ကျေးရွာနှင့် သောင်ရွာဆက်သွယ်ထားသည့် မြေသားလမ်းကျေးရွာဆက်သွယ်ရေး လမ်းအရှည် ပေ ၉၀၊ အကျယ် ၁၂ ပေ၊ အနက်ပေ ၂၀ ခန့်၊ လမ်းအရှည် တစ်မိုင်ခန့် ပြိုကျပျက်စီးခဲ့သည်။ ထိုပျက်စီးရာနေရာသို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ သွားရောက်၍ ပြိုကျပျက်စီးခဲ့သည့် လမ်းနှင့် ကပ်လျက်ရှိသော ခြံဝင်းအတွင်းမှ သွားလာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး လက်ရှိတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိကြောင်းနှင့် မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်တောမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ နံနက် ၉ နာရီက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ရုံးနှင့် သတ်မှတ်စုရပ်နေရာတို့တွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ် ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင် အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့်ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဆေးထိုးနှံပေးခြင်းများကို မောင်တောမြို့နယ် အတွင်းရှိ အသက် နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အပတ်စဉ်တနင်္လာနေ့တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ရုံးတွင်လည်း ပုံမှန်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး၊ အောင်ကျော်စိန် ခရိုင်(ပြန်/ဆက်)**



▼ *ကျောဖုံးမှ*

ပြည်တွင်းကလပ်များတွင် ကစားနေသူ ၂၂ ဦး၊ ပြည်ပကလပ်များတွင် ကစားနေသူ ခုနစ်ဦးရွေးချယ်ခံရသည်။ ဒုတိယအဆင့်အတွက် ရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် မကာအိုအသင်းနှင့် ပထမအဆင့်ခြေစစ်ပွဲကစားခဲ့သည့် ၂၃ ဦးအနက် စိုးမိုးကျော်၊ အောင်ကောင်းမာန်နှင့် ခွန်ကျော်ဇင်ဟိန်းတို့သုံးဦးသာ ကျန်ရစ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် အုပ်စု (B) တွင် ကျရောက်နေသည်။ ယခုလအတွင်း နှစ်ပွဲကစားရမည်ဖြစ်ရာ မြန်မာအသင်းသည် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်လက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**

◆ *ကျောဖုံးမှ*

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ပွဲစဉ် (၁၂) အပြီးတွင် ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၂) တွင် ရပ်တည်နေသည်။ လာလီဂါပွဲစဉ် (၁၂) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အလာဗက်စ်က အယ်မာရီယာကို တစ်ဂိုး - ဂိုးမရှိ၊ ဗလင်စီယာက ဂရန်နာဒါကို တစ်ဂိုး - ဂိုးမရှိ၊ ဘီဘာအိုလ်က ဗီလာရီးရဲကို အကြိတ်အနယ်ကစားပြီး သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မုံရွာမြို့ အေးသာယာရပ်ကွက်၌ သုံးဘီးမော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဒီဇယ်ဆီ(ချက်ဆီ) ပီပါ ၁၅ လုံး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ထက်ဝေယံကားဂိတ်၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Brush Cutter မြက်ဖြတ်စက် ၂၃၂ လုံး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူဆောင်ရွက်**

ထို့အပြင် နိုဝင်ဘာ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Solex Door Lock အခု ၁၂၀၀၊ APP Toilet Commode အိမ်သာကြွေခွက် ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Diamond Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၄ ဒသမ ၇၆၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၂၇၆၈) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၅၂၇၆၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိ**

ထို့အပြင် နိုဝင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သွားတိုက်တံ အချောင်း ၃၆၀၀၊ Accord လျှပ်စစ်ပန်ကာ ၁၅ လုံး၊ DRC ဆိုင်ကယ်တာယာအလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၇၉၂၇၆၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော် ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ဒိုက်ဦးမြို့၊ အထက(ဗျက်ကြီး)ကျောင်းမှ ဆရာမ ဒေါ်အေးအေးနွယ်၏ (ဖခင်)ဦးသန်းညွှန့်(ခ) ဦးသန်းညွှန့် ၇/ဒဥန(နိုင်)၀၀၇၅၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းညွှန့်(ခ)ဦးသန်းညွှန့်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၀ယ/၄၄၄၀၃ JLM-125 ယာဉ်လက်ဝယ်ရှိသူ Shwe Moe Ngwe Moe Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/61401 HONDA SCOOPYI 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/73059 TVS Wego 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခိုင်စိုး ၉/မတရ(နိုင်)၁၅၄၄၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၁**

ဒေါ်စောမွန်ချို နှင့် ဦးလှအောင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၆၃၅)၊ ကဥ္စာမဟီရပ်ကွက် နေ (ဘ) ဦးမှို၏သားဖြစ်သူ ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စောမွန်ချိုက ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၄၀x၆၀)ပေ မြေကွက်၏အနောက်ဘက်ခြမ်း (၄၀x၄၀)ပေ အကျယ်အဝန်းရှိ ဦးလှအောင် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်(၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖွဲ့နေလအေး)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာ စာ-၂၁ ပါ ယာဉ်အမှတ် 44W/15646 အား 44W/15645 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/97602 Honda Scoopy ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူအေး ၉/မနတ(နိုင်)၀၇၇၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/20041 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၈၈၀၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၉၄၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငွေး ၁၀/သထန(နိုင်)၀၆၄၃၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၈၈၆၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာစိုး ၁၀/ကထန(နိုင်)၁၁၄၈၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မဟာအောင်မြေခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁၂**

ဒေါ်လှလှဝင်း နှင့် ၁။ ဦးခင်မောင်အေး
၂။ ဦးကိုရှိမင်(ခ)ဦးမင်း
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ငါးပိတန်းလမ်းကြား၊ ၈၃-၈၄ လမ်းကြား၊ ၂၆-၂၇လမ်းကြားနေ ဦးကိုရှိမင်(ခ)ဦးမင်း(ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

သင့်အပေါ်၌ တရားလို က နစ်နာကြေးငွေကျပ် (၃၀၀၀၀၀၀၀) ရလိုမှု လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့ နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်- ၁၅၁**

ဒေါ်သီသီဝင်းမြင့် နှင့် ဦးဟန်မင်းထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ ရပ်ကွက် (၃)နေ (ဘ)ဦးကျော်ဇော၏ သားဖြစ်သူ ဦးဟန်မင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သီသီဝင်းမြင့်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ရဲလင်းအောင် )**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/7732 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဆွေ ၉/ကပတ(နိုင်)၀၆၆၉၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/97509 ယာဉ်လက်ဝယ်ရှိသူ NCX MYANMAR CO.,LTD က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 64W/94967, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုးဦး ၁၃/တကန(နိုင်) ၁၉၃၁၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/5324,Turbo Star Dream 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျွန်ကိုကို ၁၄/ကလန (နိုင်)၁၉၄၃၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၀)၊ ဦးပိုင်(၉၃)၊ ဧရိယာ(၀ဒသမ၀၄၈) ကေရှိ မြေကွက်အမည်ပေါက်သူ ဦးဝင်းသိန်းထွန်း၊ ဦးအောင်နိုင်ထွန်း အမည်မှ ဦးသန်းဌေးအောင် ၁/ဗမန (နိုင်)၀၆၁၀၂၂ အမည်သို့ သက်တမ်းတွင်းအမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက် အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ဗန်းမော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၆၉၁၀၇, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထက် ၉/တကန(နိုင်) ၁၈၇၃၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ပါကြောင်း

